မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၅ ]** ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက် ( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၁ ရက် ) } **သောကြာနေ့ [ အတွဲ ၇၃**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၉/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

**ပြစ်ဒဏ်ကျအကျဉ်းသားများစိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ အကျဉ်းထောင်/အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား/အကျဉ်းသူများအား လွတ်ငြိမ်းသက်သာခွင့်ပြုနိုင်ရေးအတွက် စိစစ်ဆောင်ရွက်ရန် **ပြစ်ဒဏ်ကျအကျဉ်းသားများစိစစ်ရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဃ) ဒုတိယရှေ့နေချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(င) အဖွဲ့ဝင် — အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

(စ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နိုင်ငံတော်သမ္မတရုံး

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဇ) ရဲချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
အကျဉ်းဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

၂။ ပြစ်ဒဏ်ကျအကျဉ်းသားများစိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နိုင်ငံတော်သမ္မတက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့်၊ လွတ်ငြိမ်းသက်သာခွင့်တို့ ခွင့်ပြုပေးနိုင်ရေးအတွက် ချမှတ်သင့်သောမူဝါဒများအား သုံးသပ်အကြံပြုတင်ပြရန်၊

(ခ) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့်၊ လွတ်ငြိမ်းသက်သာခွင့်တို့ ခွင့်ပြုပေးနိုင်ရေးအတွက် လျော်ကန်သင့်မြတ်မှုရှိသည့် နိုင်ငံသား/နိုင်ငံခြားသား၊ အကျဉ်းသား/သူများအား စိစစ်တင်ပြရန်၊

(ဂ) မည်သည့်အဖွဲ့အစည်း၊ မည်သည့်လူပုဂ္ဂိုလ်တို့၏ ပယောဂများ၊ တိုက်တွန်းချက်များကြောင့်မဟုတ်ဘဲ စစ်မှန်သော ရည်ရွယ်ချက်များနှင့်အညီ လွတ်ပေးသင့် လွတ်ပေးထိုက်သူများကိုသာ စိစစ်တင်ပြရန်၊

(ဃ) စိစစ်ရေးလုပ်ငန်းများအား သင့်လျော်သည့်အချိန်တွင် ကြိုတင်ဆောင်ရွက်ပြီး စာရင်းပြုစုတင်ပြရန်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၃၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

### စုံစမ်းစစ်ဆေးရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) နှင့် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းများတွင် ခွင့်ပြုချက်မရမီ ကြိုတင်ဆောင်ရွက်ခဲ့သည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန် **စုံစမ်းစစ်ဆေးရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒေါက်တာမင်းရဲပိုင်ဟိန်း<br>ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဥက္ကဋ္ဌ<br>ပြည်သူ့ငွေစာရင်းကော်မတီ<br>ပြည်သူ့လွှတ်တော် | အဖွဲ့ဝင် |
| (ဂ) | ဥက္ကဋ္ဌ<br>ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ<br>ပြည်သူ့လွှတ်တော် | အဖွဲ့ဝင် |
| (ဃ) | ဥက္ကဋ္ဌ<br>ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ<br>ပြည်သူ့လွှတ်တော် | အဖွဲ့ဝင် |
| (င) | အတွင်းရေးမှူး<br>ပြည်သူ့ငွေစာရင်းကော်မတီ<br>ပြည်သူ့လွှတ်တော် | အဖွဲ့ဝင် |
| (စ) | အတွင်းရေးမှူး<br>ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ<br>ပြည်သူ့လွှတ်တော် | အဖွဲ့ဝင် |
| (ဆ) | အတွင်းရေးမှူး<br>ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ<br>ပြည်သူ့လွှတ်တော် | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဎ) ဦးထွန်းထွန်းနိုင် — အတွင်းရေးမှူး
အမြဲတမ်းအတွင်းဝန်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

၂။ စုံစမ်းစစ်ဆေးရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တည်ဆောက်ရေးလုပ်ငန်းများကို ခွင့်ပြုချက်မရဘဲ ကြိုတင်ဆောင်ရွက်ခဲ့ရသည့် အကြောင်းအရင်းနှင့် အမှန်တကယ် လိုအပ်မှု ရှိ မရှိကို စစ်ဆေးရန်၊

(ခ) တည်ဆောက်ရေးလုပ်ငန်းများ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ မရှိနှင့် စက်ပစ္စည်းဝယ်ယူမှုများအား နိုင်ငံ၏ဝယ်ယူမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးရန်၊

(ဂ) တည်ဆောက်ရေးလုပ်ငန်းများ၏ ကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ ခန့်မှန်းကုန်ကျစရိတ်များကို စနစ်တကျတွက်ချက်ထားမှု ရှိ မရှိနှင့် ကာလဒေသပေါက်ဈေးအရ သင့်လျော်သည့်ကုန်ကျစရိတ် ဟုတ် မဟုတ် စစ်ဆေးရန်၊

(ဃ) တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးခဲ့မှု ရှိ မရှိနှင့် သတ်မှတ် စံချိန်စံညွှန်း၊ ဒီဇိုင်း၊ Drawing များနှင့်ကိုက်ညီမှု ရှိ မရှိ စစ်ဆေးရန်၊

(င) တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မြေပြင်စစ်ဆေးမှုများ၊ ဌာနတွင်းစစ်ဆေးမှုများ စနစ်တကျဆောင်ရွက်ခဲ့မှု ရှိ မရှိနှင့် လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ခဲ့ရာတွင် စည်းမျဉ်း/စည်းကမ်း များနှင့်ကိုက်ညီစွာ ဆောင်ရွက်ထားမှု ရှိ မရှိ စစ်ဆေးရန်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၀)**

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၈ ရက်)

**၂၀၂၀ ပြည့်နှစ်၊ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၂/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သော **၂၀၂၀ ပြည့်နှစ်၊ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှု**

**ကော်မတီ** တွင် အဖွဲ့ဝင် ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်လွင်ဦး **အစား** ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် နှင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

## အခြေခံပညာရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သော **အခြေခံပညာရေးဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၄။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

# အခြေခံပညာရေးဥပဒေ

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၄။)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အခြေခံပညာရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် အမျိုးသားပညာရေးဥပဒေတွင်ပါရှိသည့် စကားရပ်များ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အခြေခံပညာရေးကောင်စီကို ဆိုသည်။

(ခ) **ဦးစီးဌာန**ဆိုသည်မှာ အခြေခံပညာဦးစီးဌာနကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဦးစီးဌာန**ဆိုသည်မှာ အခြေခံပညာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော ဦးစီးဌာနကို ဆိုသည်။

(ဃ) **ရုံး**ဆိုသည်မှာ မြို့နယ်ပညာရေးမှူးရုံး၊ ခရိုင်ပညာရေးမှူးရုံး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပညာရေးမှူးရုံးနှင့် ပြည်ထောင်စုနယ်မြေ ပညာရေးမှူးရုံးကို ဆိုသည်။

(င) **ပညာရေး**ဆိုသည်မှာ လူတို့၏အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားအယူအဆ အမြင်တို့ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ဆောင်ရွက်သည့်ဖြစ်စဉ်ကို ဆိုသည်။

(စ) **ကျောင်းသား**ဆိုသည်မှာ အခြေခံပညာရေးအဆင့်တွင် သတ်မှတ်ထားသော အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထား အယူအဆအမြင်များကို ပညာသင်ကြား သင်ယူမှု နည်းစနစ်များနှင့်အညီ လေ့လာဆည်းပူးသင်ယူသူအားလုံးကို ဆိုသည်။

(ဆ) **တစ်သက်တာပညာရေး**ဆိုသည်မှာ ကျောင်းပညာရေးတွင် ဆက်လက်ပါဝင် သင်ယူနိုင်ခြင်းမရှိသည့် ကျောင်းသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ကျောင်းပြင်ပ ပညာရေးအပါအဝင် အမျိုးမျိုးသောသင်ကြားသင်ယူမှု အစီအစဉ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ပညာရေးကို ဆိုသည်။

(ဇ) **အတွင်းအရည်အသွေးအာမခံမှု**ဆိုသည်မှာ အရည်အသွေးအာမခံခြင်းလုပ်ငန်းကို ဌာနတွင်း ကျွမ်းကျင်ဝန်ထမ်းများဖြင့် ဆောင်ရွက်ရာတွင် အရည်အသွေးအဆင့်သတ်မှတ်ခြင်းနှင့် အာမခံချက် ပေးခြင်းကို ဆိုသည်။

(ဈ) **ပြင်ပအရည်အသွေးအာမခံမှု**ဆိုသည်မှာ အရည်အသွေး အာမခံခြင်းလုပ်ငန်းကို ဌာနပြင်ပ ကျွမ်းကျင်သူများဖြင့် ဆောင်ရွက်ရာတွင် အရည်အသွေးအဆင့်သတ်မှတ်ခြင်းနှင့် အာမခံချက်ပေးခြင်းကို ဆိုသည်။

(ည) **သင်ရိုးညွှန်းတမ်းအညွှန်းဘောင်**ဆိုသည်မှာ သင်ရိုးညွှန်းတမ်းဆိုင်ရာ သင်ယူမှုနယ်ပယ်များ၊ ရွေးချယ်ရသည့် နောက်ခံအကြောင်းရင်းများ၊ ရည်မှန်းချက်နှင့် ရလဒ်များ၊ သင်ရိုးဝင် အကြောင်းအရာများ၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် တတ်မြောက်မှုစစ်ဆေးနည်းများကို ပြည့်စုံစွာရေးသားထားသော မူဘောင်ကို ဆိုသည်။

(ဋ) **သင်ယူသူဗဟိုပြုချဉ်းကပ်နည်း**ဆိုသည်မှာ ဆရာများက ထိရောက်သော နည်းလမ်းအမျိုးမျိုးကို အသုံးပြု၍ သင်ယူသူများကိုယ်တိုင် သင်ယူမှုဖြစ်ထွန်းစေရန် အပြုသဘောဆောင်သော ဆရာ ကျောင်းသား ဆက်ဆံရေးဖြင့် ပံ့ပိုးဖော်ဆောင်ပေးသည့် သင်ကြားသင်ယူမှုဖြစ်စဉ်ကို ဆိုသည်။

(ဌ) **အခြေခံပညာကျောင်း**ဆိုသည်မှာ အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အတည်ပြု ပြဋ္ဌာန်းထားသော အမျိုးသားပညာရေး သင်ရိုးညွှန်းတမ်းစံများနှင့်အညီ ပညာသင်ကြားပေးသော ကျောင်းကို ဆိုသည်။

(ဍ) **အစိုးရကျောင်း**ဆိုသည်မှာ အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အတည်ပြုပြဋ္ဌာန်း ထားသော အမျိုးသားပညာရေး သင်ရိုးညွှန်းတမ်းစံများနှင့်အညီ လူတိုင်းအကျုံးဝင်၍ သာတူညီမျှ အခွင့်အလမ်းဖွင့်ပေးထားသော အခြေခံပညာရေးကို သင်ကြားပေးရန် အစိုးရကတည်ထောင် ဖွင့်လှစ်ထားသည့် ကျောင်းကို ဆိုသည်။

(ဎ) **ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း**ဆိုသည်မှာ သက်ဆိုင်ရာဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင် ထားသည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက အခြေခံပညာကျောင်းကို ဆိုသည်။

(ဏ) **ဘုန်းတော်ကြီးသင်ပညာရေးကျောင်း**ဆိုသည်မှာ ဘုန်းတော်ကြီးသင်ပညာရေးကြီးကြပ်မှုဗဟိုအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အခြေခံပညာရေးအဆင့်တိုင်းအတွက် သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများနှင့်အညီ သင်ကြားပေးရန် ဘုန်းတော်ကြီးများ သို့မဟုတ် သီလရှင်များက တည်ထောင်ဖွင့်လှစ်ထားသည့်ကျောင်းကို ဆိုသည်။

(တ) **သင်ယူမှုဝန်းကျင်ကောင်း**ဆိုသည်မှာ ကျောင်းသားများ၏ ဘက်စုံပညာရရှိရေးအကောင်အထည် ဖော်ရာတွင် ကျောင်း၏ ရုပ်ပိုင်းနှင့် ကျောင်းသားများ၏ ဖွံ့ဖြိုးမှုအရပ်ရပ်တိုးတက်စေရန် ပံ့ပိုးသည့် အခြေအနေများ ဖန်တီးပေးခြင်းဖြင့် အောင်မြင်ထိရောက်သော သင်ယူမှုကို ဖြစ်ထွန်းစေသည့် ဝန်းကျင်ကို ဆိုသည်။

## အခန်း (၂)
## အခြေခံပညာရေး၏ ရည်မှန်းချက်များ

၃။ အခြေခံပညာရေး၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာရေးကို ပြီးဆုံးသည်အထိ သင်ယူတတ်မြောက်ရန်၊

(ခ) အခြေခံပညာအဆင့်အလိုက် တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိပြီး ဗလငါးတန်နှင့် ပြည့်စုံသူများဖြစ်ရန်၊

(ဂ) ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများဖြင့် ဥပဒေကိုလေးစား လိုက်နာတတ်သည့် တာဝန်သိစိတ်၊ တာဝန်ယူစိတ်ရှိသူများဖြစ်ရန်၊

(ဃ) အမြင်ကျယ်မှုရှိပြီး စူးစမ်းရှာဖွေလေ့လာလိုသော စိတ်ဓာတ်နှင့် ပူးပေါင်းတီထွင်ကြံဆ ဆောင်ရွက် တတ်သူများဖြစ်ရန်၊

(င) ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများဖြစ်ရန်၊

(စ) သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးကာကွယ်ထိန်းသိမ်းပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသိပညာ၊ အတတ်ပညာကို လက်ဆင့်ကမ်းနိုင်သူများဖြစ်ရန်၊

(ဆ) နိုင်ငံတကာအဆင့်မီ ပညာရပ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် ခေတ်နှင့်လျော်ညီသော နည်းပညာများကို ထိရောက်စွာအသုံးပြုခြင်းဖြင့် သင်ကြားသင်ယူမှု အရည်အသွေးမြင့်မားရန်၊

(ဇ) အားကစားနှင့် ကာယပညာလုပ်ငန်းများနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများတွင် ကျောင်းသားများ ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး အားကစားစိတ်ဓာတ်ဖွံ့ဖြိုးလာရန်၊

(ဈ) နည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးအတွက် အခြေခံကောင်းများရရှိရန်၊

(ည) လူတစ်ဦးချင်းဖြစ်စေ၊ လူ့အဖွဲ့အစည်းအလိုက်ဖြစ်စေ မတူကွဲပြားမှုများအား နားလည်လက်ခံ၍ တန်းတူညီမျှမှုကို တန်ဖိုးထားလေးစားပြီး ငြိမ်းချမ်းရေးအခြေခံအသိများနှင့်အညီ လက်တွေ့ ကျင့်သုံးနေထိုင်တတ်သူများဖြစ်ရန်။

## အခန်း (၃)
## အခြေခံပညာရေးဆိုင်ရာအခြေခံမူများ

၄။ အခြေခံပညာရေးဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်နှင့်အညီ အခြေခံပညာကို နိုင်ငံသားတိုင်း သင်ယူတတ်မြောက်ရေး၊

(ခ) ကျောင်းနေအရွယ်ကလေးသူငယ်နှင့် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် မသန်စွမ်းသူများ အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူနိုင်ခဲ့ခြင်း မရှိသူများကို အခြေခံပညာရေး အဆင့်တိုင်းတွင် လူတိုင်းအကျုံးဝင် ပညာရေးအစီအစဉ်၊ အထူးပညာရေးအစီအစဉ်၊ တစ်သက်တာ ပညာရေးနှင့် ပညာရေးအထူးဝန်ဆောင်မှုအစီအစဉ်များအရ ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပ ပညာရေးတစ်ခုခုတွင် အခြေခံပညာရေးကို သင်ယူနိုင်ခွင့်ရရှိရေး၊

(ဂ) အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ ဆောင်ရွက်ရေး၊

(ဃ) အခြေခံပညာရေးအဆင့်အလိုက်နှင့် အတန်းအလိုက်သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းစံများ နှင့်အညီ အရည်အသွေးအာမခံမှုရှိသောစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(င) ပညာလေ့လာသင်ယူရာတွင် သင်ယူသူ၏ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာ၊ မသန်စွမ်းမှုအပါအဝင် မည်သည့်ခွဲခြားမှုမျှ မရှိရေး၊

(စ) ပညာသင်ယူသူတိုင်း ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝ၍ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ရိုးရာဓလေ့များကို မြတ်နိုးလေးစားတန်ဖိုးထားပြီး ထိန်းသိမ်းလိုစိတ်၊ သမိုင်းအမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မြှင့်တင်လိုစိတ်တို့ အကျုံးဝင်သော တန်ဖိုးထားမှုအခြေပြုသည့် အမျိုးသားစရိုက်လက္ခဏာများ ဖွံ့ဖြိုးရေး၊

(ဆ) အခြေခံပညာရေးကဏ္ဍတွင် သင်ယူသူဗဟိုပြု ချဉ်းကပ်နည်းအပါအဝင် ထိရောက်သောသင်နည်း များဖြင့် သင်ကြားသင်ယူမှုဖြစ်စဉ်ကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(ဇ) စဉ်ဆက်မပြတ် လေ့လာသင်ယူနေသော အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းလာစေရန် အခွင့်အလမ်းများ၊ စာကြည့်တိုက်နှင့် ဘေးကင်းလုံခြုံသော သင်ကြားသင်ယူမှု စာသင်ခန်းများပါဝင်သည့် သင်ယူမှုဝန်းကျင်ကောင်းများ ဖန်တီးပေးရေး၊

(ဈ) ပညာရေးအညွှန်းကိန်းများကို စဉ်ဆက်မပြတ် စနစ်တကျလေ့လာကြီးကြပ် အကဲဖြတ်၍ မြင့်မားလာရန် ဆောင်ရွက်ရေး၊

(ည) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် အခြေခံပညာရေးစနစ်ကို ကျင့်သုံးရေး၊

(ဋ) ကျောင်းသားများကို ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် လူသားကောင်းများဖြစ်စေရန် အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ယင်းသို့ပြုစုပျိုးထောင်နိုင်ရေးအတွက် ဆရာအရည်အသွေးကို စဉ်ဆက်မပြတ် မြှင့်တင်ရေး၊

(ဌ) အခြေခံပညာအရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင် အဖွဲ့၊ ကျောင်းသားမိဘ သို့မဟုတ် အုပ်ထိန်းသူများနှင့် ရပ်ရွာအဖွဲ့အစည်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ရေး၊

(ဍ) အခြေခံပညာရေးဆိုင်ရာ မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်မှုစီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများကိုလည်းကောင်း၊ ပညာရေးနှင့်သက်ဆိုင်သည့် ဥပဒေများ၊ အခြားလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သော သတင်းအချက်အလက်များကိုလည်းကောင်း ပြည်သူလူထုသိရှိစေရန် ဆက်လက်ဆောင်ရွက်ပေးရေး၊

(ဎ) အခြေခံပညာရေးကဏ္ဍအတွက် ဆရာများ ပြုစုပျိုးထောင်ပေးနိုင်ရန် ဆရာအတတ်ပညာရေး ကဏ္ဍနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊

(ဏ) ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း ပြည်ပ၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများကို ဥပဒေနှင့်အညီ အကောင်အထည်ဖော်ရေး၊

(တ) ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေး အပြန်အလှန် ကူးပြောင်းသင်ယူနိုင်ရန် တန်းညှိပညာရေး အစီအစဉ်ကို အကောင်အထည်ဖော်ရေး၊

(ထ) အခြေခံပညာဆိုင်ရာ အစိုးရကျောင်းများ၊ အခြားကျောင်းများနှင့် ပညာရေးအစီအစဉ်များအကြား အပြန်အလှန်ကူးပြောင်း သင်ကြားနိုင်ရေးအတွက် တန်းညှိပညာရေးအစီအစဉ်ဆိုင်ရာစံနှင့် လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာကော်မတီများ၊ အဖွဲ့များနှင့် ညှိနှိုင်းသတ်မှတ်ရေးဆွဲပြဋ္ဌာန်းရေး၊

(ဒ) ကိုယ်တိုင်သင်ယူပညာရေးအခွင့်အလမ်းများရရှိရန် ပံ့ပိုးကူညီပေးရေး၊

(ဓ) ပညာရေးဝန်ထမ်းအားလုံး၏ အရည်အသွေးနှင့် လူမှုဘဝမြှင့်တင်ရေးကို အလေးထားဆောင်ရွက်ရေး၊

(န) အခြေခံပညာရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ အလေးထား လုပ်ဆောင်ရေး။

## အခန်း (၄)

## အခြေခံပညာရေးအဆင့်များ၊ အတန်းများနှင့် ကျောင်းအမျိုးအစားများ သတ်မှတ်ခြင်း

၅။ (က) အခြေခံပညာရေးကို သူငယ်တန်းပညာရေးပြီးသည့်နောက် ပညာသင်နှစ်စုစုပေါင်းကာလ (၁၂) နှစ်ကို ဦးတည်၍ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်သော အခြေခံပညာရေး၏အဆင့်များနှင့် အတန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ပထမတန်းမှ ပဥ္စမတန်းအထိ မူလတန်းအဆင့်ပညာရေး၊

(၂) ဆဋ္ဌမတန်းမှ နဝမတန်းအထိ အလယ်တန်းအဆင့်ပညာရေး၊

(၃) ဒသမတန်း၊ ဧကာဒသမတန်း၊ ဒွါဒသမတန်းတို့ပါဝင်သည့် အထက်တန်းအဆင့်ပညာရေး။

၆။ အခြေခံပညာကျောင်းများကို အောက်ပါအတိုင်း သတ်မှတ်သည်-

(က) သူငယ်တန်းနှင့် မူလတန်းအဆင့် အတန်းများပါရှိသည့် အခြေခံပညာမူလတန်းကျောင်း၊

(ခ) သူငယ်တန်း၊ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် အတန်းများပါရှိသည့် အခြေခံပညာအလယ်တန်းကျောင်း သို့မဟုတ် အလယ်တန်းအဆင့် အတန်းများသာပါရှိသည့် အခြေခံပညာအလယ်တန်းကျောင်း၊

(ဂ) သူငယ်တန်း၊ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် အတန်းများပါရှိသောအခြေခံပညာအထက်တန်းကျောင်း သို့မဟုတ် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်အတန်းများပါရှိသော အခြေခံပညာအထက်တန်းကျောင်း သို့မဟုတ် အထက်တန်းအဆင့် အတန်းများသာပါရှိသည့် အခြေခံပညာအထက်တန်းကျောင်း၊

(ဃ) လိုအပ်ချက်အရ အခါအားလျော်စွာ သတ်မှတ်ထားသည့်ကျောင်း။

၇။ ပုဒ်မ ၅ ပါ သတ်မှတ်ချက်များနှင့်အညီ အောက်ပါကျောင်းများသည် အခြေခံပညာရေးအဆင့်နှင့်အတန်းများပါရှိသော ကျောင်းအမျိုးအစားများအဖြစ် သတ်မှတ်ရမည်-

(က) အစိုးရကျောင်းများ၊

(ခ) အစိုးရအထောက်အပံ့ခံကျောင်းများ၊

(ဂ) ဒေသန္တရအဖွဲ့အစည်းပိုင်ကျောင်းများ၊

(ဃ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၊

(င) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊

(စ) ပရဟိတကျောင်းများ၊

(ဆ) အထူးပညာရေးအစီအစဉ်ကျောင်းများ၊

(ဇ) ရွေ့လျားနှင့် အရေးပေါ်ကျောင်းများ၊

(ဈ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက အခါအားလျော်စွာသတ်မှတ်သည့်ကျောင်းများ။

၈။ ဝန်ကြီးဌာနသည် ပုဒ်မ ၇ ပါ အစိုးရကျောင်းများနှင့် အခြားကျောင်းများ အပြန်အလှန်ဆက်သွယ်ကူးပြောင်းသင်ကြားနိုင်ရေးအတွက် ကောင်စီ၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၅)
## အခြေခံပညာရေးကောင်စီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ အစိုးရအဖွဲ့သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များနှင့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အခြေခံပညာရေးကောင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များမှ လူမှုရေးဝန်ကြီးများ | အဖွဲ့ဝင် |
| (၄) | ပညာရေးဆိုင်ရာ တာဝန်ခံ နေပြည်တော်ကောင်စီဝင်တစ်ဦး | အဖွဲ့ဝင် |
| (၅) | သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (၆) | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့တို့မှ ကိုယ်စားလှယ်များ | အဖွဲ့ဝင် |

(၇) ငါးဦးထက်မပိုသော အခြေခံပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ အဖွဲ့ဝင်

(၈) သုံးဦးထက်မပိုသော အခြေခံပညာရေးဆိုင်ရာ အရပ်ဘက်လူမှု အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အဖွဲ့ဝင်

(၉) ငါးဦးထက်မပိုသော အခြေခံပညာဆရာများ၏ ကိုယ်စားလှယ်များ အဖွဲ့ဝင်

(၁၀) ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) ကောင်စီ၏ သက်တမ်းသည် သာမန်အားဖြင့် ငါးနှစ် ဖြစ်သည်။

၁၀။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်ကို အစိုးရအဖွဲ့က သတ်မှတ်ပေးရမည်။

၁၁။ ကောင်စီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) အခြေခံပညာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ လုပ်ငန်းများနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း-

(၁) အခြေခံပညာရေးကို နည်းပညာနှင့် သက်မွေးပညာရေး၊ ဆရာအတတ်ပညာရေး၊ အဆင့်မြင့်ပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးအစရှိသော ကဏ္ဍအသီးသီးတို့နှင့် ဆက်စပ်မှုရှိရေး၊

(၂) လူတိုင်းအကျုံးဝင်ပညာရေးအရ သင်ယူခွင့်ရရှိရေး၊

(၃) နိုင်ငံတော်က သတ်မှတ်ထားသော အခမဲ့မသင်မနေရပညာရေးကို အကောင်အထည်ဖော်ရေး၊

(၄) ရွှေ့လျားနှင့် အရေးပေါ်ကျောင်းများကို ပညာရေးအထူးဝန်ဆောင်မှုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ခ) အခြေခံပညာကျောင်းများ ဖွင့်လှစ်ခြင်း၊ ပိတ်သိမ်းခြင်း၊ အဆင့်တိုးမြှင့်ခြင်းနှင့် အဆင့်လျှော့ချခြင်းများကို အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ မူဝါဒနှင့်အညီ ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဂ) အခြေခံပညာကျောင်းများ၏ အရည်အသွေးစံသတ်မှတ်ချက်များကို အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက ချမှတ်ထားသောစံချိန်စံညွှန်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဃ) အခြေခံပညာကျောင်းများတွင် ခန့်ထားမည့်ဆရာများ၏ ပညာအရည်အချင်းကို ဝန်ကြီးဌာနနှင့် ညှိနှိုင်းသတ်မှတ်ပေးခြင်း၊

(င) အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပြဋ္ဌာန်းသော သင်ရိုးညွှန်းတမ်းကို ကျောင်းအားလုံးတွင် ထိရောက်စွာအကောင်အထည်ဖော်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ခြင်း၊

(စ) ဝန်ကြီးဌာနက သတ်မှတ်ပြဋ္ဌာန်းသော သင်ရိုးညွှန်းတမ်းကို ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းအား ကြပ်မတ်ခြင်း၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် သင်ရိုးညွှန်းတမ်းအဖွဲ့များ ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာ ပြီးမြောက်ရေး၊ ကျောင်းနေမြဲရေးနှင့် ကျောင်းထွက်နှုန်း လျော့ပါးရေးအပါအဝင် ပညာရေးဆိုင်ရာ လုပ်ငန်းများကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) ပုဒ်မ ၇ ပါ အစိုးရကျောင်းများနှင့် အခြားကျောင်းများ အပြန်အလှန် ဆက်သွယ်ကူးပြောင်းသင်ကြားနိုင်ရေးအတွက် သင်ယူတတ်မြောက်မှု စစ်ဆေးနည်း သို့မဟုတ် ဆန်းစစ်နည်းများကို သတ်မှတ်ပေးခြင်း။

၁၂။ ကောင်စီသည် ပုဒ်မ ၁၁ ပါ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကော်မတီများနှင့် အဖွဲ့များကို လိုအပ်သလိုဖွဲ့စည်းပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးနိုင်သည်။

## အခန်း (၆)
## အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ် ကော်မတီဖွဲ့စည်းခြင်းနှင့် သင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်များပြဋ္ဌာန်းခြင်း

၁၃။ ဝန်ကြီးဌာနသည်-

(က) ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများရှိ ဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊ ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်များ၊ ဆရာကိုယ်စားလှယ်များ၊ သင်ရိုးကျွမ်းကျင်ပညာရှင်များနှင့် တိုင်းရင်းသားဘာသာကျွမ်းကျင်ပညာရှင်များကို ကော်မတီဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့၏ ညွှန်ကြားရေးမှူးချုပ်များကို ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း ပါဝင်စေလျက် အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီကို ဖွဲ့စည်းရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်ကို အစိုးရအဖွဲ့သို့တင်ပြ၍ သတ်မှတ်ပေးရမည်။

၁၄။ ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားတို့၏ ဘာသာစကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ရေးနှင့် အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီတို့၏ အတည်ပြုချက် ရယူဆောင်ရွက်နိုင်ရေးတို့အတွက် လိုအပ်သောပံ့ပိုးမှုများ ဆောင်ရွက်ရမည်။

၁၅။ အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီသည်-

(က) အမျိုးသားအဆင့် သင်ရိုးညွှန်းတမ်းဆိုင်ရာ မူများ၊ စံများ၊ သတ်မှတ်ချက်များနှင့်အညီ အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့် သင်ရိုးညွှန်းတမ်းစံများ၊ သင်ရိုးမာတိကာများ အသေးစိတ်ရေးဆွဲခြင်း၊ သုံးသပ်ခြင်းနှင့် ပြုပြင်ခြင်းများကို အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ခ) ကျောင်းသုံးစာအုပ်များကို ပြဋ္ဌာန်းနိုင်ရန် စိစစ်ပြီး အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) သင်ယူတတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ နည်းစနစ်များကို အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဃ) သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အောက်ပါအဖွဲ့ငယ်များအပါအဝင် လိုအပ်သည့် အခြားအဖွဲ့ငယ်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်သည်-

(၁) ဘာသာရပ်အလိုက် သို့မဟုတ် ဘာသာရပ်အုပ်စုအလိုက် အဖွဲ့ငယ်များ၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းအဖွဲ့ငယ်များ။

(င) သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်များ ပြန်လည်သုံးသပ်ခြင်းနှင့် လိုအပ်ပါက မွမ်းမံခြင်းများကို အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၁၆။ အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီသည် သင်ရိုးညွှန်းတမ်း အညွှန်းဘောင် ရေးဆွဲရာတွင် အောက်ပါအချက်များပါရှိစေရန် စီစဉ်ဆောင်ရွက်ရမည်-

(က) သင်ရိုးညွှန်းတမ်းသည် လက်တွေ့ဘဝနှင့် ဆက်စပ်မှုရှိရေး၊

(ခ) မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် သင်ရိုးညွှန်းတမ်းများ အဆက်အစပ်ရှိရေး၊

(ဂ) ဒေသဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော အခွင့်အလမ်းများ ဖန်တီးပေးရေး၊

(ဃ) တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်ပြီး ဒီမိုကရေစီအလေ့အကျင့်ကောင်းများရရှိကာ ဘက်စုံ ဖွံ့ဖြိုးသည့် လူသားကောင်းများ ဖြစ်ထွန်းလာရေး၊

(င) သင်ရိုးညွှန်းတမ်းသည် ခေတ်နှင့်လျော်ညီသော ပညာရေးအခြေအနေလိုအပ်ချက်ကို ဖြည့်ဆည်း ပေးနိုင်ပြီး နိုင်ငံတကာပညာရေး သင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှုရှိရေး၊

(စ) မြန်မာစာကို အခြေခံပညာကျောင်းများတွင် သင်ကြားရေး၊

(ဆ) အင်္ဂလိပ်စာကို မူလတန်းအဆင့်ပညာရေးမှစ၍ သင်ကြားရေး၊

(ဇ) အခြေခံပညာအဆင့်တွင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ စာသင်ခန်းသုံး ဘာသာစကားအဖြစ် တွဲဖက်အသုံးပြုရေး၊

(ဈ) အထက်တန်းအဆင့်ပညာရေးတွင် မြန်မာစာနှင့် အင်္ဂလိပ်စာတို့ကို သင်ကြားသင်ယူမှု ဘာသာစကား အဖြစ် အသုံးပြုရေး၊

(ည) အဆင့်မြင့်ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် ပညာရပ်များ ဆက်လက်သင်ယူ နိုင်မည့် အခြေခံကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးနိုင်သော သင်ရိုးညွှန်းတမ်းဖြစ်ရေး၊

(ဋ) ပြည်ထောင်စုတိုင်းရင်းသားတို့၏ ဘာသာစကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုး တိုးတက်ရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်း ကူညီရေးတို့ တိုးတက်ဖြစ်ထွန်းရေး၊

(ဌ) မသန်စွမ်းသူများအတွက် လူတိုင်းအကျုံးဝင်ပညာရေးအရ ပညာသင်ယူခွင့်ရရှိစေရန် အထူးပညာရေး လိုအပ်ချက်နှင့်အညီ ပေါင်းစပ်သင်ကြားနိုင်ရေး။

၁၇။ အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီသည် အခြေခံပညာရေးအဆင့် အလိုက် လေ့လာသင်ယူမှုနယ်ပယ်များကို သတ်မှတ်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဘာသာစကား၊ သင်္ချာ၊ သိပ္ပံနှင့် လူမှုရေးဘာသာရပ်ဆိုင်ရာ နယ်ပယ်များတွင် လိုအပ်သောအသိပညာ၊ သဘောထားများနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့လာသင်ယူနိုင်ရန်စီစဉ်ခြင်း၊

(ခ) ဘက်စုံဖွံ့ဖြိုးမှုရရှိရန်အတွက် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုနယ်ပယ်အလိုက် လိုအပ်သောကျွမ်းကျင်မှု များကို လေ့လာသင်ယူနိုင်ရန်စီစဉ်ခြင်း၊

(ဂ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာများအပါအဝင် ခေတ်နှင့်လျော်ညီသော နည်းပညာများကို လေ့လာသင်ယူနိုင်ရန်စီစဉ်ခြင်း။

၁၈။ အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီသည် သင်ကြားသင်ယူမှု နည်းလမ်း များကို ရွေးချယ်ရာတွင် အောက်ပါအချက်တို့ကို အခြေခံရမည်-

(က) ကျောင်းသားတစ်ဦးချင်းစီ၏ ကိုယ်တိုင်ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ စူးစမ်းလေ့လာမှု၊ ဆင်ခြင် စဉ်းစားနိုင်မှု၊ ဝေဖန်သုံးသပ်နိုင်မှု၊ ဆုံးဖြတ်နိုင်မှု၊ တီထွင်ကြံဆနိုင်မှုနှင့် တာဝန်ယူတတ်မှုတို့ကို ပြုစုပျိုးထောင်ပေးနိုင်ရန် သင်ယူသူဗဟိုပြုချဉ်းကပ်နည်းအပါအဝင် ထိရောက်သော သင်ကြား သင်ယူနည်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ကျောင်းသားများ၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာအခြေအနေများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းစွာထောက်ပံ့ပေးနိုင်သော သင်ယူမှုဝန်းကျင်ကောင်းကို စီစဉ်ဖန်တီးပေးသည့် နည်းလမ်း များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

၁၉။ အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီသည် သင်ယူတတ်မြောက်မှု စစ်ဆေးအကဲဖြတ်နည်းများ သတ်မှတ်ရာတွင် အောက်ပါအချက်တို့ကို အခြေခံရမည်-

(က) သင်ယူတတ်မြောက်မှု စစ်ဆေးခြင်းများသည် သင်ရိုးညွှန်းတမ်းကို အခြေခံ၍ သင်ယူမှုရလဒ်များ ပေါက်မြောက်အောင်မြင်မှု အခြေအနေကိုစစ်ဆေးသည့် တတ်ကျွမ်းမှုအခြေပြု အကဲဖြတ်နည်းစနစ်ကို ကျင့်သုံးရေး၊

(ခ) သင်ယူတတ်မြောက်မှု စစ်ဆေးခြင်းများနှင့် အတန်းကူးပြောင်းမှု စစ်ဆေးခြင်းများကို စစ်ဆေးမှုဆိုင်ရာ နည်းပညာများနှင့်အညီ စနစ်တကျစစ်ဆေးရေး၊

(ဂ) အခြေခံပညာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ပြီးဆုံးချိန်တွင် အဆင့်အလိုက် သင်ယူတတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်း နည်းစနစ်များနှင့်အညီ ဆောင်ရွက်ရေး။

၂၀။ အခြေခံပညာ အထက်တန်းအဆင့် ပြီးဆုံးပါက အမျိုးသားအဆင့် ပညာရည်စစ်ဆေးအကဲဖြတ်မှုဝါဒအရ သတ်မှတ်ချက်များနှင့်ညီညွတ်လျှင် ပြီးဆုံးကြောင်းလက်မှတ်ကို သတ်မှတ်ချက်များနှင့်အညီ ပေးအပ်ရမည်။

## အခန်း (၇)
## အရည်အသွေးအကဲဖြတ်ခြင်းနှင့် အာမခံခြင်း

၂၁။ ကောင်စီသည် ကော်မရှင်က ချမှတ်ထားသော မူဝါဒများနှင့်အညီ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်ကော်မတီနှင့်ညှိနှိုင်းလျက် အခြေခံပညာအဆင့်အားလုံး၏ အရည်အသွေးအာမခံမှုအတွက် အတွင်းအရည်အသွေး အာမခံမှုစနစ်တစ်ရပ်ကို ထူထောင်ရမည်။

၂၂။ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီသည် အခြေခံပညာကျောင်းများ၏ ပြင်ပအရည်အသွေးအာမခံမှု အကဲဖြတ်ခြင်းကို ဆောင်ရွက်နိုင်ရန် အဖွဲ့အစည်းတစ်ခုအား ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်။

၂၃။ (က) အခြေခံပညာကျောင်းများသည် အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ၏ ပြင်ပအရည်အသွေးအာမခံမှု အကဲဖြတ်ခြင်းကို ခံယူရမည်။

(ခ) အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီသည် အကဲဖြတ်ရလဒ်များကို ဝန်ကြီးဌာနသို့ ကော်မရှင်မှတစ်ဆင့် ပေးပို့ရမည့်အပြင် အများပြည်သူသိရှိနိုင်ရန်လည်း စီစဉ်ထားရမည်။

၂၄။ အခြေခံပညာကျောင်းများ၏ အတွင်းအရည်အသွေးအာမခံမှုကို အကဲဖြတ်ရာတွင် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) မိမိတို့ကျောင်းအလိုက် အကဲဖြတ်သုံးသပ်ခြင်း၊

(ခ) အခြေခံပညာရေး အဆင့်အလိုက် အကဲဖြတ်သုံးသပ်ခြင်း၊

(ဂ) သက်ဆိုင်ရာဦးစီးဌာနများက တာဝန်ပေးအပ်သော ကျောင်းအရည်အသွေး အာမခံမှုအဖွဲ့များက အကဲဖြတ်သုံးသပ်ခြင်း။

၂၅။ အခြေခံပညာကျောင်းများ၏ အတွင်းအရည်အသွေး စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဉ်များတွင် လိုအပ်ပါက မိဘ သို့မဟုတ် အုပ်ထိန်းသူများနှင့် ရပ်ရွာလူထုတို့ ပူးပေါင်းပါဝင်နိုင်ခွင့်ရှိသည်။

၂၆။ ဦးစီးဌာနနှင့် သက်ဆိုင်ရာဦးစီးဌာနများသည် အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ၏ သတ်မှတ်ချက်များနှင့်အညီ အခြေခံပညာကျောင်းများ၏ အတွင်းအရည်အသွေးအာမခံမှုအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) အခြေခံပညာကျောင်းများအတွက် အရည်အသွေးစစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဉ်များ ရေးဆွဲသတ်မှတ်ခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့တွင် အတွင်းအရည်အသွေးအာမခံမှု အကဲဖြတ်အဖွဲ့များ ထားရှိတာဝန်ပေးအပ်ပြီး စဉ်ဆက်မပြတ် အကဲဖြတ်ဆောင်ရွက်ရန် လမ်းညွှန်ခြင်းနှင့် ယင်းအဖွဲ့များ၏ တင်ပြချက်များကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) အခြေခံပညာကျောင်းများတွင် အတွင်းအရည်အသွေးအာမခံမှုစနစ် ထူထောင်ထားရှိဆောင်ရွက်ရန် ပံ့ပိုးလမ်းညွှန်ခြင်း၊

(ဃ) အခြေခံပညာရေးကဏ္ဍ၏ အတွင်းအရည်အသွေး အာမခံမှုလုပ်ငန်းများကို ဆောင်ရွက်သည့် ဝန်ထမ်းများ၏ စဉ်ဆက်မပြတ် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) ပြင်ပအရည်အသွေးအာမခံမှု အကဲဖြတ်အဖွဲ့များက လိုအပ်သောအချက်အလက်များ တောင်းခံလာပါက အခြေခံပညာကျောင်းများ၊ ရုံးများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) အရည်အသွေးအကဲဖြတ်မှု ရလဒ်ကိုအခြေပြု၍ အခြေခံပညာရေး အညွှန်းကိန်းများကို လေ့လာသုံးသပ်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ပညာရေးအရည်အသွေး ပိုမိုမြင့်မားလာစေရန် ပညာရေးသုတေသနလုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

## အခန်း (၈)
## အခြေခံပညာရေးစီမံခန့်ခွဲမှု

၂၇။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ကောင်စီ၏ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် မိမိတို့နှင့် သက်ဆိုင်သည့် အခြေခံပညာကျောင်းများ၏ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုကို တာဝန်ယူဆောင်ရွက်ရမည်။

၂၈။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် အခြေခံပညာရေးကဏ္ဍ၏ စီမံခန့်ခွဲမှုကို ဗဟိုချုပ်ကိုင်မှုလျှော့ချ၍ ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ်နှင့် ကျောင်းများတွင် အဆင့်အလိုက် တာဝန်ယူဆုံးဖြတ်လုပ်ဆောင်ခွင့် ရရှိစေရန်ဆောင်ရွက်ပြီး လုပ်ပိုင်ခွင့်နှင့် တာဝန်များကို သတ်မှတ်ပေးရမည်။

၂၉။ ဝန်ကြီးဌာနသည် နိုင်ငံတော်ကသတ်မှတ်သည့် အခမဲ့မသင်မနေရ ပညာရေးအပါအဝင် အခြေခံပညာရေးဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်နှင့် မြို့နယ်များ၌ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေး၊ စီစဉ်ဆောင်ရွက်ရေး၊ ပံ့ပိုးရေးနှင့် လေ့လာကြီးကြပ်ရေးတို့အတွက် ပညာရေးကော်မတီများကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့်ညှိနှိုင်းလျက် ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၀။ အခြေခံပညာကျောင်းအသီးသီးသည် ကျောင်းအရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံဉာဏ်များပေးရန်၊ ပံ့ပိုးဆောင်ရွက်ရန်နှင့် လေ့လာကြီးကြပ်ရန် ကျောင်းစီမံခန့်ခွဲမှုကော်မတီကို ဆရာ၊ မိဘ သို့မဟုတ် အုပ်ထိန်းသူ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့တို့နှင့် ရပ်ရွာအဖွဲ့အစည်း ကိုယ်စားလှယ်များပါဝင်မှုဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၁။ ဝန်ကြီးဌာနသည် ပုဒ်မ ၂၉ နှင့် ၃၀ ပါ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်နှင့် မြို့နယ်ပညာရေးကော်မတီများ၊ ကျောင်းစီမံခန့်ခွဲမှုကော်မတီများ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

၃၂။ ဦးစီးဌာနနှင့် သက်ဆိုင်ရာဦးစီးဌာနများသည် မိမိတို့၏ အခြေခံပညာကျောင်းများကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) သတ်မှတ်ပြဋ္ဌာန်းသော သင်ရိုးညွှန်းတမ်းကို အခြေခံပညာ ကျောင်းအားလုံးတွင် ထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် လေ့လာကြီးကြပ်ခြင်း၊

(ခ) အခြေခံပညာကျောင်းများတွင် ကျောင်းအရည်အသွေးဆိုင်ရာ စံသတ်မှတ်ချက် အညွှန်းဘောင်နှင့် ကိုက်ညီသော အဆောက်အအုံ၊ အသုံးအဆောင်များနှင့် လုံခြုံမှုရှိသည့် သင်ကြားသင်ယူမှု ဝန်းကျင်ဖြစ်ရန် စီမံဆောင်ရွက်ခြင်း၊

(ဂ) အခြေခံပညာရေးကဏ္ဍနှင့်သက်ဆိုင်သည့် ဝန်ထမ်းများ၏ လုပ်ငန်းအလိုက် ရာထူးအဆင့်များနှင့် တာဝန်ဝတ္တရားများ သတ်မှတ်ရေး၊ ခန့်ထားရေး၊ ပြောင်းရွှေ့ရေး၊ ရာထူးတိုးမြှင့်ရေး၊ ရာထူးအဆင့်အလိုက် လိုအပ်သော တာဝန်ယူမှု၊ တာဝန်ခံမှုရှိရေးနှင့် စဉ်ဆက်မပြတ် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လမ်းညွှန်သတ်မှတ်ပေးခြင်း၊ အဆင့်အလိုက် လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ဗဟိုချုပ်ကိုင်မှုလျှော့ချ၍ သတ်မှတ်ပေးခြင်းနှင့် စီမံခန့်ခွဲမှုဆောင်ရွက်ခြင်း၊

(ဃ) အခြေခံပညာရေး အဆင့်အလိုက် အကောင်အထည်ဖော်မှုကို ပညာရေးအညွှန်းကိန်းများဖြင့် လေ့လာကြီးကြပ်အကဲဖြတ်ခြင်း၊

(င) ပညာရေးစီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်စနစ် အကောင်အထည်ဖော်ရန်အတွက် ကျောင်းအဆင့်မှစ၍ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်၊ ပြည်ထောင်စုနယ်မြေအဆင့်နှင့် ဦးစီးဌာနအဆင့်တို့တွင် စနစ်တကျကြီးကြပ်ကွပ်ကဲမှုဖြင့် တိကျမှန်ကန်သော စာရင်းအင်းများကို ကောက်ယူခြင်း၊ အဆင့်ဆင့်တင်ပြခြင်းနှင့် သတ်မှတ်ကာလများတွင် လိုအပ်သော စာရင်းချုပ်များနှင့် အစီရင်ခံစာများကို ထုတ်ပြန်ကြေညာခြင်း၊

(စ) အခြေခံပညာရေးအဆင့် စီမံကိန်းနှင့် စီမံချက်များကို ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

၃၃။ ဦးစီးဌာနသည် အခြေခံပညာကျောင်းများနှင့်စပ်လျဉ်းသည့် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) အခြေခံပညာကျောင်းများသို့ ကျောင်းသုံးစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများအပါအဝင် ကျောင်းအသုံးအဆောင်နှင့် အထောက်အပံ့များကို ဖြည့်ဆည်းပေးခြင်း၊

(ခ) သင်ယူတတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းကို အမျိုးသားအဆင့် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်း မူဝါဒနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) အခြေခံပညာရေးအဆင့်အလိုက် ပြီးမြောက်ကြောင်းကို သင်ယူတတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်း နည်းစနစ်များနှင့်အညီ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) အတွင်းအရည်အသွေး အကဲဖြတ်မှုများနှင့် ပြင်ပအရည်အသွေး အကဲဖြတ်မှုအစီရင်ခံစာများအရ ကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း။

၃၄။ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော ဦးစီးဌာနသည် အခြေခံပညာရေးအဆင့်အလိုက် ကောက်ယူသော ပညာရေးဆိုင်ရာသတင်းအချက်အလက်များကို ဝန်ကြီးဌာန၏ ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်တွင် ပုံမှန်ထည့်သွင်း တွက်ချက်စိစစ်အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

၃၅။ အခြေခံပညာရေးကဏ္ဍရှိ စီမံခန့်ခွဲသူအားလုံးသည် အစီအစဉ် ကြိုတင်ရေးဆွဲခြင်းအပါအဝင် စီမံခန့်ခွဲမှုအားလုံးကို တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုနှင့် ပြည်သူလူထုအကျိုးရှေးရှုမှုဟူသော အခြေခံမူများဖြင့် ဆောင်ရွက်ရမည်။

၃၆။ အခြေခံပညာရေးကို အကောင်အထည်ဖော် သင်ကြားပေးလျက်ရှိသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ကြီးကြပ်ခြင်းကို သက်ဆိုင်ရာဥပဒေအရ ဖွဲ့စည်းသည့် ကြီးကြပ်ရေးအဖွဲ့က ဆောင်ရွက်ရမည်။

## အခန်း (၉)

## အခြေခံပညာဆရာများ၏ အခွင့်အရေး၊ တာဝန်၊ အရည်အချင်းနှင့် စွမ်းဆောင်ရည်များ

၃၇။ ကောင်စီသည် အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်မည့်ဆရာများ၏ အရည်အချင်းနှင့် စွမ်းဆောင်ရည်ဆိုင်ရာ စံများကို ပညာရေးအဆင့်အလိုက် ခွဲခြားသတ်မှတ်ပေးရမည်။

၃၈။ ဆရာများသည် အခြေခံပညာကျောင်းများ၏ အတွင်းအရည်အသွေးအာမခံမှု လုပ်ငန်းတစ်ရပ်အနေဖြင့် ဆရာများ၏စွမ်းဆောင်ရည်ကို ပညာရေးစီမံခန့်ခွဲသူများက အကဲဖြတ်သောလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရမည်။

၃၉။ ဆရာများသည် အောက်ဖော်ပြပါ အခွင့်အရေးများ ရပိုင်ခွင့်ရှိသည်-

(က) သတ်မှတ်ချက်နှင့်ကိုက်ညီပါက မိမိတာဝန်ထမ်းဆောင်နေသော ပညာရေးအဆင့်အတွင်းမှာပင် ရာထူးအဆင့် တိုးမြှင့်ရရှိပိုင်ခွင့်၊

(ခ) သင်ရိုးညွှန်းတမ်းနှင့်ကိုက်ညီသော သင်နည်းစနစ်များကို လွတ်လပ်စွာ ရွေးချယ်ခွင့်၊

(ဂ) မိမိတို့လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရေးအတွက် အစဉ်လေ့လာသင်ယူခွင့်၊

(ဃ) တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းထားသောအသင်းနှင့် အဖွဲ့အစည်းများတွင် ပါဝင်ခွင့်၊

(င) မိမိနှစ်သက်ရာကျောင်း သို့မဟုတ် ဒေသများသို့ လွတ်လပ်စွာ လျှောက်ထားပိုင်ခွင့်၊

(စ) ဆရာများသည် ပညာရေးအဆင့်တစ်ခုမှ အခြားအဆင့်တစ်ခုသို့ ကူးပြောင်းတာဝန်ထမ်းဆောင်လိုပါက ထိုအဆင့်အတွက် လိုအပ်သော သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံပါက ထမ်းဆောင်နိုင်ခွင့်၊

(ဆ) မူဝါဒများ၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများ၊ စီမံချက်များ၊ ပညာရေးဆိုင်ရာ ဥပဒေများနှင့် အခြား လုပ်ထုံးလုပ်နည်းများအတွက် အကြံပြုခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်။

၄၀။ ဆရာများသည် အောက်ဖော်ပြပါ တာဝန်များကို ထမ်းဆောင်ရမည်-

(က) မိမိလုပ်ငန်းအပေါ်တွင် တာဝန်သိစိတ်၊ တာဝန်ယူစိတ်၊ တာဝန်ခံနိုင်သောစိတ်ဓာတ်ဖြင့် ဆောင်ရွက်ပြီး ကျောင်းသားများအတွက် စံနမူနာကောင်းဖြစ်ရေး၊

(ခ) ကျောင်းစာသင်ချိန်အတွင်း သတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်းများ ပြီးမြောက်သည်အထိ သင်ကြားပေးရမည့်အပြင် ကျောင်းသားများအတွက် ခေတ်နှင့်လျော်ညီသော အသိပညာ၊ အတတ်ပညာများ၊ ကျွမ်းကျင်မှုများရရှိစေရန်နှင့် သင်ယူတတ်မြောက်မှုစံနှင့်အညီ သင်ကြားပေးရေး၊

(ဂ) ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေမြဲရေး၊ ကျောင်းထွက်နှုန်းလျော့ပါးရေးနှင့် အတန်းအလိုက် ကျောင်းပြီးဆုံးနှုန်း မြင့်မားစေရန် ပူးပေါင်းဆောင်ရွက်ရေး၊

(ဃ) နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ပြန့်သောအမြင်ရှိပြီး ဒီမိုကရေစီ အလေ့အကျင့်ကိုမြတ်နိုး၍ ကာကွယ်စောင့်ရှောက်ပေးရေး၊

(င) ပညာသင်ကြားရာတွင် အပြုသဘောဆောင်သော ဆရာ ကျောင်းသားဆက်ဆံရေးဖြင့် ကျောင်းသား၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုမရှိစေဘဲ သင်ကြားပေးရေး။

၄၁။ ဝန်ကြီးဌာနသည် အစိုးရကျောင်းများရှိ ဆရာများအား ယင်းတို့ တာဝန်ထမ်းဆောင်နေသော ပညာရေးအဆင့်အတွင်း အရည်အချင်း၊ အတွေ့အကြုံ၊ စွမ်းဆောင်ရည်နှင့် ထူးချွန်မှုအလိုက် ရာထူးအဆင့် တိုးမြှင့်ခြင်း၊ ချီးမြှင့်ခြင်းနှင့် နေရာပြောင်းရွှေ့ခြင်းတို့ကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်နှင့် မြို့နယ်အဆင့်လိုက် ခွဲဝေတာဝန်ပေး၍ စီမံဆောင်ရွက်ရမည်။

၄၂။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများ၏ သင်ကြားမှုစွမ်းဆောင်ရည်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောင်းအခြေပြု ဆရာအတတ်ပညာ အစီအစဉ်များအပါအဝင် လေ့လာသင်ယူရန် အခွင့်အလမ်းများ ဖန်တီးပေးရမည်။

## အခန်း (၁၀)

## ကျောင်းသား၊ မိဘနှင့် ပြည်သူလူထု၏ အခြေခံပညာရေးဆိုင်ရာ အခွင့်အရေးနှင့် တာဝန်များ

၄၃။ အခြေခံပညာကျောင်းများတွင် တက်ရောက်သင်ယူနေသော ကျောင်းသားများသည် အောက်ဖော်ပြပါ အခွင့်အရေးများ ရရှိစေရမည်-

(က) အခြေခံပညာကို ပြီးမြောက်သည်အထိ သင်ယူခွင့်၊

(ခ) သက်ဆိုင်ရာအဆင့်အလိုက် တက်ရောက်နိုင်သော နည်းပညာနှင့် သက်မွေးပညာရေးကျောင်းများသို့ ကူးပြောင်းတက်ရောက်လိုက ကူးပြောင်းတက်ရောက်ခွင့်၊

(ဂ) ပညာသင်ဆုနှင့် ထောက်ပံ့ကြေးများကို သတ်မှတ်ချက်များနှင့်အညီ လူမျိုး၊ ဘာသာ၊ အမျိုးသား၊ အမျိုးသမီးစသည့် မည်သည့်ခွဲခြားမှုမျှမရှိဘဲ ခံစားခွင့်၊

(ဃ) အခြေခံပညာကျောင်းများတွင် ကျောင်းကောင်စီနှင့် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခွင့်။

၄၄။ အခြေခံပညာကျောင်းများတွင် တက်ရောက်သင်ယူနေသော ကျောင်းသားများသည် အောက်ဖော်ပြပါ တာဝန်များကို ထမ်းဆောင်ရမည်-

(က) နိုင်ငံတော်ကသတ်မှတ်သည့် အခမဲ့မသင်မနေရ ပညာရေးအဆင့် ပြီးမြောက်သည်အထိ သင်ယူရေး၊

(ခ) ကျောင်းသားတိုင်းသည် ကျောင်းစည်းကမ်းများကိုလိုက်နာပြီး ပညာကို ကြိုးစားလေ့လာသင်ယူ၍ အများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊

(ဂ) ကိုယ်ကျင့်တရားကောင်းမွန်ပြီး ပြည်သူ့နီတိနှင့် ဒီမိုကရေစီအလေ့အကျင့်များ၊ လူ့အခွင့်အရေးများကို တန်ဖိုးထားသည့်အပြင် တာဝန်သိစိတ်၊ တာဝန်ယူစိတ်၊ စူးစမ်းရှာဖွေလေ့လာလိုသောစိတ်နှင့် အမြင်ကျယ်မှုရှိသောသူများ ဖြစ်လာရန်အတွက် ကြိုးစားအားထုတ်ရေး။

၄၅။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် အောက်ဖော်ပြပါ အခွင့်အရေးများ ရရှိစေရမည်-

(က) ဤဥပဒေပုဒ်မ ၇ အရ တည်ထောင်ဖွင့်လှစ်ထားသော မည်သည့်ကျောင်းတွင်မဆို သတ်မှတ်ချက်နှင့်ညီညွတ်ပါက မိမိကလေးကို ကျောင်းအပ်ပိုင်ခွင့်၊

(ခ) အခြေခံပညာကျောင်းများ၏ ပညာရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးနှင့် ကျောင်းအရည်အသွေးမြင့်မားရေးတို့အတွက် ကျောင်းနှင့် ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(ဂ) ကျောင်းသားများကို တာဝန်သိစိတ်၊ တာဝန်ယူစိတ်၊ စူးစမ်းရှာဖွေလေ့လာလိုသောစိတ်နှင့် အမြင်ကျယ်မှုရှိသောသူများဖြစ်စေရေးနှင့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိဘဆရာအသင်း၏ လုပ်ငန်းများတွင် အကြံပြုခွင့်၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်။

၄၆။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် အောက်ဖော်ပြပါ တာဝန်များကို ထမ်းဆောင်ရမည်-

(က) မိမိတို့၏ ကျောင်းနေအရွယ်ကလေးများကို အခြေခံပညာသင်ယူပြီးမြောက်ရေးအတွက် သက်ဆိုင်ရာကျောင်းသို့ ကျောင်းအပ်နှံရေး၊ ကျောင်းနေမြဲရေးနှင့် ယင်းပညာရေးအဆင့် ပြီးမြောက်သည်အထိ သင်ယူစေရေး၊

(ခ) မိမိတို့ကလေး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ စဉ်ဆက်မပြတ်သင်ယူမှု အခွင့်အလမ်းများရှိစေရန်နှင့် သင်ယူမှုဝန်းကျင်ကောင်း ဖန်တီးပေးရေးအတွက် ကျောင်းစီမံခန့်ခွဲမှုကော်မတီ၊ ဆရာ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့၊ သက်ဆိုင်သူများ၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး။

၄၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာလူထုသည် ကျောင်းဘက်စုံဖွံ့ဖြိုးရေးအတွက် ပံ့ပိုးမှုများနှင့် အကြံဉာဏ်များပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်။

၄၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာလူထုသည် အောက်ဖော်ပြပါလုပ်ငန်းများကို ထမ်းဆောင်ရန် တာဝန်ရှိသည်-

(က) မိမိရပ်ရွာဒေသရှိ ကျောင်းနေအရွယ်ကလေးများကို အခြေခံပညာပြီးမြောက်ရေးအတွက် ဝိုင်းဝန်းကူညီရေး၊

(ခ) မိမိရပ်ရွာဒေသတွင် ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးရေး၊

(ဂ) ပြည်သူများ၏ လူနေမှုအဆင့်အတန်းတိုးတက်စေရန်နှင့် အသိဉာဏ်ပညာမြင့်မားစေရန်တို့အတွက် ရပ်ရွာအခြေပြုပညာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ရေး။

## အခန်း (၁၁)
## ဘဏ္ဍာရေး

၄၉။ သူငယ်တန်းပညာရေးနှင့် အခြေခံပညာရေးအဆင့်အလိုက် ပညာရေးလုပ်ငန်းများအတွက် နှစ်စဉ်ဘဏ္ဍာငွေလိုအပ်ချက်ကို ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာနများက ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြတောင်းခံရမည်။

၅၀။ ဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများ၊ ရုံးများနှင့် ကျောင်းများသည် ပြည်တွင်း ပြည်ပ ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သတ်မှတ်ချက်နှင့်အညီ စိစစ်လက်ခံနိုင်သည်။

၅၁။ ဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများ၊ ရုံးများနှင့် ကျောင်းများသည်-

(က) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သုံးစွဲပြီး စာရင်းဇယားမှတ်တမ်းများကို အလှူရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

(ခ) ပုဒ်မ ၅၀ အရ လက်ခံရရှိသော ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို ပညာရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် ထိရောက်စွာ သုံးစွဲရမည်။

(ဂ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုကို ခံယူရမည်။

## အခန်း (၁၂)
## အထွေထွေ

၅၂။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို တည်ထောင်ခွင့်ပြုခြင်းနှင့် ပညာရေးလုပ်ငန်းများ၌ ပုဂ္ဂလိကအခန်းကဏ္ဍ၏ ပူးပေါင်းပါဝင်ခြင်းတို့ကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၅၃။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီ၊ ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်ရာဦးစီးဌာနများသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၄။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော ပညာရေးဆိုင်ရာဥပဒေများအရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၅၅။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေးဥပဒေ (ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၁၀၈၂/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၇) ၏ သဘောတူညီချက်ဖြင့် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၏ ဖွဲ့စည်းပုံကို ခွင့်ပြုပေးခဲ့ပြီးဖြစ်၍ ယင်းဖွဲ့စည်းပုံအရ တရားစီရင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးကို ဖွင့်လှစ်ခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၁၀၈၃/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၈၂/၂၀၁၉) အရ ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးအား ဖွဲ့စည်းထားရှိပြီးဖြစ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၃ အရ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးအား အောက်ဖော်ပြပါ မြို့နယ်များတွင် ဖြစ်ပွားသော ရာဇဝတ်မှုများနှင့် တရားမမှုများကို စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်အာဏာအပ်နှင်းလိုက်သည်-

(က) ဟိုပန်မြို့နယ်
(ခ) မိုင်းမောမြို့နယ်
(ဂ) ပန်ဝိုင်မြို့နယ်
(ဃ) နားဖန်းမြို့နယ်
(င) မက်မန်းမြို့နယ်
(စ) ပန်ဆန်း (ပန်းခမ်း) မြို့နယ်

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၃/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော “သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ” တွင် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း **အစား** ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအား အတွင်းရေးမှူးအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ဥက္ကဋ္ဌ (ကိုယ်စား)
စိုးအောင်
အတွင်းရေးမှူး
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၀၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

**အားကစားခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသည် မြန်မာနိုင်ငံတွင် အားကစားခရီးသွားလုပ်ငန်း (Sport Tourism) ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန် အားကစားခရီးသွားလုပ်ငန်းကော်မတီအား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဒေါက်တာမြင့်ထွေး — နာယက
ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ခ) ဦးအုန်းမောင် — နာယက
ပြည်ထောင်စုဝန်ကြီး
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ဂ) ဦးမျိုးလှိုင် — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
အားကစားနှင့် ကာယပညာဦးစီးဌာန

(ဃ) ဦးမောင်မောင်ကျော် — ဒုတိယဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(င) ဦးခွန်ဂျာအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အားကစားနှင့် ကာယပညာဦးစီးဌာန

(စ) ဦးဇေယျာမျိုးအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(ဆ) ဦးအောင်မျိုးမင်းဒင် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း

(ဇ) ဦးနောင်နောင်ဟန် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း

(ဈ) ဦးကျော်ဇင်မိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အားကစားနှင့် ကာယပညာဦးစီးဌာန

(ည) ဦးမျိုးသွင် — အတွင်းရေးမှူး
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်း

(ဠ) ဦးသိန်းသန်းနိုင် တွဲဖက်အတွင်းရေးမှူး
လက်ထောက်ညွှန်ကြားရေးမှူး
အားကစားနှင့် ကာယပညာဦးစီးဌာန

၂။ အားကစားခရီးသွားလုပ်ငန်းကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခရီးသွားလုပ်ငန်းဗဟိုကော်မတီက ချမှတ်ထားသည့် ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်၊

(ခ) ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများ၏ အားကစားခရီးသွားလုပ်ငန်း ဆောင်ရွက်မှုများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဂ) အားကစားခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရန်နှင့် အားကစားခရီးသွားလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန်၊

(ဃ) နိုင်ငံတစ်ဝန်း အားကစားအသစ်များဖော်ထုတ်၍ ခရီးသွားလုပ်ငန်းနှင့်ချိတ်ဆက်ပြီး တိုးတက်စေရန် စီမံဆောင်ရွက်ရန်၊

(င) မာရသွန်၊ စက်ဘီးစီး၊ ဂေါက်သီးရိုက်ကစားပွဲများ၊ လမ်းကြမ်း၊ လမ်းကောင်း ကားမောင်းပြိုင်ပွဲများ၊ snorkeling, diving, canoeing အစရှိသည်တို့ကိုလည်း ပုံမှန်ကျင်းပနိုင်ရေးနှင့် သက်ဆိုင်ရာဒေသ အလိုက်ဆောင်ရွက်နိုင်သည့် အားကစားခရီးသွားလုပ်ငန်းအစီအစဉ်များကို စာရင်းပြုစု၍ လအလိုက် အားကစားခရီးသွားလုပ်ငန်းပြက္ခဒိန်အဖြစ် ကြိုတင်ဖြန့်ဝေရန် ခရီးသွားကဏ္ဍနှင့် ချိတ်ဆက်ပြီး အသိပေးကြော်ငြာနိုင်ရေးစီစဉ်ဆောင်ရွက်ရန်၊

(စ) ကျင်းပပြုလုပ်ပြီးသော အားကစားပြိုင်ပွဲများနှင့် ၎င်းပြိုင်ပွဲများမှ ရရှိထားသော ရလဒ်များအား (၃) လတစ်ကြိမ် စာရင်းပြုစုထားရန်။

ဟင်နရီဗန်ထီးယူ
ဥက္ကဋ္ဌ
အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၀၄/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

**အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသည် မြန်မာနိုင်ငံတွင် အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်း (Gastronomy Tourism) ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန် အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဒေါက်တာမြင့်ထွေး နာယက
ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ခ) ဦးအုန်းမောင် နာယက
ပြည်ထောင်စုဝန်ကြီး
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ဂ) ပါမောက္ခဒေါက်တာခင်ဇော် — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

(ဃ) ဦးမောင်မောင်ကျော် — ဒုတိယဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(င) ဦးလှမြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(စ) ဒေါက်တာဥမ္မာစိုးဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

(ဆ) ဒေါက်တာမင်းဝန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)

(ဇ) ဒေါက်တာနီနီအေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (မန္တလေးတိုင်းဒေသကြီး)

(ဈ) ဒေါက်တာချောနုနုအေး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

(ည) ဦးနေလင်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း

(ဋ) Myanmar Chef Association — အဖွဲ့ဝင်
ကိုယ်စားလှယ် (၁) ဦး
Myanmar Chef Association

(ဌ) ဦးခင်အောင်ထွန်း — အတွင်းရေးမှူး
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း

(ဍ) ဒေါက်တာစံပယ်ထက်ထက်ထူး — တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၂။ အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်းဆိုင်ရာ အသိပညာများကို အစားအသောက်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူများသို့ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေရန်၊

(ခ) အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရန်၊

(ဂ) မြန်မာ့ရိုးရာစားသောက်ဖွယ်ရာများကို အဆင့်အတန်းပြည့်မီသော ခရီးသွားထုတ်ကုန်များအဖြစ် အဆင့်မြှင့်တင်ဖော်ထုတ်၍ ခရီးသွားဧည့်သည်များ၏ စိတ်ဝင်စားမှုကို မြှင့်တင်သောအစီအစဉ်များ ဆောင်ရွက်ရန်၊

(ဃ) ခရီးစဉ်ဒေသများတွင် အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(င) အာဆီယံအစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရန်၊

(စ) အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များနှင့် ညှိနှိုင်း၍ လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရန်။

ဟင်နရီဗန်ထီးယူ
ဥက္ကဋ္ဌ
အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၅၃/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၂) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များသတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်-

(က) လ ၁၀၂၅၂၀ ရဲအုပ် လှဝင်းဆွေ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ — ရဲ ၆၈၂၆

(ခ) လ ၁၁၄၃၅၀ ရဲအုပ် မောင်ဝင်း မွန်ပြည်နယ်ရဲတပ်ဖွဲ့ — ရဲ ၆၈၂၇

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၇၈/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံးမှ (စ/၀၆၀၆) ညွှန်ကြားရေးမှူး ဦးသော်တာအောင် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ မေလ ၅ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၀ ပြည့်နှစ်၊ မေလ ၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၈၁/၂၀၁၉)**

မီးသတ်ဦးစီးဌာန၊ ချင်းပြည်နယ်မီးသတ်ဦးစီးမှူးရုံးမှ (မ/၀၂၀၂) ညွှန်ကြားရေးမှူး ဦးမျိုးမြင့် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၁ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၂ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၈၂/၂၀၁၉)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီဒုတိယရဲမှူးကြီး (၁၀) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ဒုတိယရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်-

(၁) ရဲ ၂၅၃၄ ယာယီဒုတိယရဲမှူးကြီး ခင်မောင်စိန် ၁၉-၁၂-၂၀၁၉
စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့

(၂) ရဲ ၂၄၉၀ ယာယီဒုတိယရဲမှူးကြီး ခင်မောင်ဦး ၁၈-၁၂-၂၀၁၉
ရှမ်းပြည်နယ်ရဲတပ်ဖွဲ့

(၃) ရဲ ၂၆၇၆ ယာယီဒုတိယရဲမှူးကြီး ကျော်မျိုးမြင့် ၁၈-၁၂-၂၀၁၉
တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့

(၄) ရဲ ၅၄၇၇ ယာယီဒုတိယရဲမှူးကြီး ဖြိုးလှိုင်ဘွား ၁၅-၁၂-၂၀၁၉
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(၅) ရဲ ၃၈၁၄ ယာယီဒုတိယရဲမှူးကြီး သျှင်မင်းသူရ ၁၄-၁၂-၂၀၁၉
အမှတ် (၁၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ

(၆) ရဲ ၄၇၅၆ ယာယီဒုတိယရဲမှူးကြီး ရဲမင်းသူ ၁၃-၁၂-၂၀၁၉
အမှတ် (၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ

(၇) ရဲ ၂၆၇၅ ယာယီဒုတိယရဲမှူးကြီး မောင်ငယ် ၁၃-၁၂-၂၀၁၉
ရဲထောက်ပံ့ရေးဌာနကြီး၊
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(၈) ရဲ ၂၈၀၀ ယာယီဒုတိယရဲမှူးကြီး အောင်ဇော်မိုး ၁၉-၁၂-၂၀၁၉
ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့

(၉) ရဲ ၂၅၀၇ ယာယီဒုတိယရဲမှူးကြီး ရဲနိုင် ၁၁-၁၂-၂၀၁၉
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(၁၀) ရဲ ၄၇၅၅ ယာယီဒုတိယရဲမှူးကြီး ကျော်မင်းလှိုင် ၁၃-၁၂-၂၀၁၉
အမှတ် (၂၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊
အမှတ် (၂) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ (တွဲ)

ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နယ်စပ်ရေးရာဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော နယ်စပ်ရေးရာဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၉) အစည်းအဝေး ဆုံးဖြတ်ချက်အရ ပညာရေးနှင့် လေ့ကျင့်ရေး

ဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း (၃) ဦးအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများတွင် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (၁) | ဦးအောင်မျိုး<br>ညွှန်ကြားရေးမှူး (စီမံ)<br>ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန (ရုံးချုပ်) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)<br>ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန (ရုံးချုပ်) |
| (၂) | ဦးကျော်ကျော်ဇော်<br>ဒုတိယညွှန်ကြားရေးမှူး<br>ကချင်ပြည်နယ်ရုံး<br>ရုံးချုပ် (တွဲဖက်) | ညွှန်ကြားရေးမှူး (စီမံ)<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန (ရုံးချုပ်) |
| (၃) | ဒေါ်လှဝင်းရွှေ<br>ဒုတိယပါမောက္ခ<br>ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ<br>ဖွံ့ဖြိုးရေးတက္ကသိုလ် | ပါမောက္ခ<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ<br>ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) |

ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

အမှတ် ၁၃၅ ။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၉) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အောက်ဖော်ပြပါအရာထမ်းများအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | မူလရာထူး၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|---|
| (က) | ဦးကြည်ထွန်း | ဒုတိယညွှန်ကြားရေးမှူး (ရုပ်မြင်)<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ရုပ်မြင်ဌာနခွဲ | ညွှန်ကြားရေးမှူး (MI)<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>MI ဌာနခွဲ |
| (ခ) | ဦးဇေယျာမင်း | ဒုတိယညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ဘဏ္ဍာရေးဌာနခွဲ | ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ဘဏ္ဍာရေးဌာနခွဲ |

## (ဝန်ကြီးရုံး)

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

အမှတ် ၁၇၀ ။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၉) (ဒုတိယပိုင်း) ၏ သဘောတူညီချက်အရ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးမောင်ဝင်းအား ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၆ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၅ ရက်နေ့အထိခံစားမည့် အငြိမ်းစား

မယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

အမှတ် ၁၇၁ ။ အဆိုပါ ငြင်းပယ်ခဲ့သည့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့အထိ ခံစားခွင့်ပြုပြီး နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာဖေမြင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၃၄၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနသည် အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် အခွန်အယူခံခုံအဖွဲ့ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဥပဒေ**ဆိုသည်မှာ အခွန်အယူခံခုံအဖွဲ့ဥပဒေကို ဆိုသည်။

(ခ) **အမှုတွဲတာဝန်ခံအရာရှိ**ဆိုသည်မှာ အခွန်အယူခံဆိုင်ရာအမှုများနှင့်စပ်လျဉ်း၍ အကြံပြုချက်များကို ပြုစုရေးသားတင်ပြနိုင်ရန် ခုံအဖွဲ့ရုံးက သတ်မှတ်တာဝန်ပေးအပ်ထားသည့် အရာထမ်းကို ဆိုသည်။

(ဂ) **အမှုတွဲထိန်း**ဆိုသည်မှာ ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ပြီးသည့် အမှုတွဲများကိုလက်ခံထိန်းသိမ်းရန် ခုံအဖွဲ့ရုံးက သတ်မှတ်တာဝန်ပေးအပ်ထားသည့် အမှုထမ်းကို ဆိုသည်။

(ဃ) **အကြံပြုချက်**ဆိုသည်မှာ ခုံအဖွဲ့က အမှုများကို ကြားနာစစ်ဆေးစီရင်ရာတွင် အထောက်အကူ ဖြစ်စေရန် ခုံအဖွဲ့ရုံးက ဥပဒေနှင့်အညီ လေ့လာသုံးသပ်၍ ပြုစုတင်ပြသည့် စာကိုဆိုသည်။

(င) **လျှောက်ထားချက်**ဆိုသည်မှာ အခွန်ဆိုင်ရာ အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု၊ လွှဲအပ်မှုများ အတွက် လျှောက်ထားသူကတင်သွင်းသည့် လျှောက်လွှာကို ဆိုသည်။

(စ) **လျှောက်ထားသူ**ဆိုသည်မှာ အခွန်ဆိုင်ရာ အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု၊ လွှဲအပ်မှုများ အတွက် လျှောက်လွှာတင်သွင်းသူကို ဆိုသည်။

(ဆ) **လျှောက်ထားခံရသူ**ဆိုသည်မှာ အခွန်ဆိုင်ရာ၊ အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု၊ လွှဲအပ်မှုများ အတွက် လျှောက်လွှာတင်သွင်းခြင်းခံရသူကို ဆိုသည်။

(ဈ) **တရားဝင်ကိုယ်စားလှယ်**ဆိုသည်မှာ အခွန်ဆိုင်ရာ အမှုတွင် လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူ ကွယ်လွန်သွားလျှင် ကွယ်လွန်သူ၏ကျန်ရစ်သောလုပ်ငန်း သို့မဟုတ် ပစ္စည်းအတွက် ဝင်ရောက် ဆောင်ရွက်ခွင့်ရှိသူ သို့မဟုတ် ဥပဒေအရ ဆက်ခံခွင့်ရှိသူကို ဆိုသည်။

(ည) **အခွင့်ရကိုယ်စားလှယ်**ဆိုသည်မှာ လျှောက်ထားသူကိုယ်စား အမှုတွင် ဆောင်ရွက်ရန် ဥပဒေအရ ကိုယ်စားလှယ်လွှဲစာရသူကို ဆိုသည်။

(ဋ) **အကျိုးဆောင်ရှေ့နေ**ဆိုသည်မှာ လျှောက်ထားသူကိုယ်စား အမှုတွင် ဆောင်ရွက်ရန် တရားမကိုယ်စားလှယ်လွှဲစာဖြင့် လွှဲအပ်ခြင်းခံရသည့် ရှေ့နေကိုဆိုသည်။

(ဌ) **မူလဆုံးဖြတ်ချက်**ဆိုသည်မှာ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ အမိန့်၊ နောက်ဆုံး ဆုံးဖြတ်ချက် သို့မဟုတ် အပြီးသတ်ဆုံးဖြတ်ချက်ကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်တောင်းခံလွှာ/ပြေစာများလည်း ပါဝင်သည်။

(ဍ) **ရိုးရိုးမိတ္တူ**ဆိုသည်မှာ မှတ်ပုံတင်အရာရှိက မိတ္တူကို မူရင်းနှင့်တိုက်ဆိုင်စစ်ဆေး၍ မှန်ကန်ကြောင်း တာဝန်ခံလက်မှတ်ရေးထိုးထားသော မိတ္တူကို ဆိုသည်။

(ဎ) **တာဝန်ခံမိတ္တူ**ဆိုသည်မှာ ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်းကပ်ထားသော မိတ္တူကိုဖြစ်စေ၊ ယင်းအက်ဥပဒေအရ ရုံးခွန်ကင်းလွတ်သည့် စာရွက်စာတမ်းဖြစ်၍ တံဆိပ်ခေါင်းကပ်ရန်မလိုသော မိတ္တူကိုဖြစ်စေ မှတ်ပုံတင်အရာရှိက မူရင်းနှင့်တိုက်ဆိုင်စစ်ဆေး၍ မှန်ကန်ကြောင်းနှင့် တာဝန်ခံမိတ္တူမှန်ဟူ၍ ရုံးတံဆိပ်ရိုက်နှိပ်ကာ လက်မှတ်ရေးထိုးထားသော မိတ္တူကို ဆိုသည်။

(ဏ) **အမှုမှတ်စု**ဆိုသည်မှာ ကြားနာစစ်ဆေးပြီးစီးသည့် အမှုများနှင့်စပ်လျဉ်း၍ အမှုတစ်မှုချင်းစီအလိုက် အမှုအမှတ်၊ လျှောက်ထားသူ၊ လျှောက်ထားခံရသူ၊ အမှုအကြောင်းအရာ၊ အမှုတင်သည့်နေ့၊ အမှုကြားနာသည့်နေ့၊ စီရင်ချက်ချမှတ်သည့်နေ့နှင့် စီရင်ချက်အမိန့်တို့ကို အကျဉ်းချုပ်ဖော်ပြထားသည့် မှတ်စုကိုဆိုသည်။

## အခန်း (၂)
## ခုံအဖွဲ့ဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃။ ခုံအဖွဲ့ဥက္ကဋ္ဌသည် ဥပဒေပါ ခုံအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင်-

(က) ခုံအဖွဲ့ အဖွဲ့ဝင်များနှင့် ခုံအဖွဲ့ရုံးအဆင့်ဆင့် ဝန်ထမ်းများအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း တို့ကို ဆောင်ရွက်ရမည်။

(ခ) ခုံအဖွဲ့တစ်ဖွဲ့လျှင် သုံးဦးစီပါဝင်သော ခုံအဖွဲ့များဖွဲ့စည်းပေးခြင်းကို ဆောင်ရွက်ရမည်။ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုတို့နှင့်စပ်လျဉ်း၍ ခုံအဖွဲ့ ဖွဲ့စည်းရာတွင် အယူခံမှု၌ ပါရှိခဲ့သည့် ခုံအဖွဲ့ဝင်များအား မပါရှိစေရေး ဂရုပြုဖွဲ့စည်းရမည်။ ခုံအဖွဲ့သစ်ဖွဲ့စည်းရန် အဖွဲ့ဝင် မလုံလောက်ပါက မူလခုံအဖွဲ့တွင် ပါဝင်ခဲ့သူတစ်ဦးထက်မပိုသော ခုံအဖွဲ့ကို ဖွဲ့စည်းရမည်။

(ဂ) ခုံအဖွဲ့ခေါင်းဆောင် ရွေးချယ်ပေးခြင်းနှင့် လိုအပ်ပါက ခုံအဖွဲ့ခေါင်းဆောင်သစ် ထပ်မံရွေးချယ်ပေးခြင်းကို ဆောင်ရွက်ရမည်။

(ဃ) ခုံအဖွဲ့သို့ တင်သွင်းလာသည့် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု၊ လွှဲအပ်မှုများကို မှန်မှန်နှင့် မြန်မြန် ပြီးပြတ်စေရေးအတွက် ကြီးကြပ်ပေးရမည်။

## အခန်း (၃)
## အခွန်အယူခံခုံအဖွဲ့ရုံး၏ တာဝန်များ

### ညွှန်ကြားရေးမှူးချုပ်၏ တာဝန်များ

၄။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပုဒ်မ ၁၇ ပါ တာဝန်များကို ဆောင်ရွက်ရာတွင်-

(က) မှတ်ပုံတင်အရာရှိက တင်ပြလာသည့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လက်ခံအမှုဖွင့်လှစ်ပေးနိုင်ရေးအတွက် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များထံ တင်ပြခွင့်ပြုချက် ရယူရမည်။

(ခ) ခွင့်ပြုချက်ရရှိပါက လက်ခံအမှုဖွင့်လှစ်ပေးရန်နှင့် မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရန် မှတ်ပုံတင်အရာရှိအား ညွှန်ကြားရမည်။

(ဂ) လက်ခံအမှုဖွင့်လှစ်ပြီးသည့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနအဖွဲ့အစည်းသို့ဖြစ်စေ၊ လျှောက်ထားခံရသူသို့ဖြစ်စေ ချေလွှာနှင့် လိုအပ်သည့် သက်သေခံစာရွက်စာတမ်းများတောင်းခံရန် စီစဉ်ညွှန်ကြားရမည်။

(ဃ) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှဖြစ်စေ၊ လျှောက်ထားခံရသူထံမှဖြစ်စေ၊ ချေလွှာနှင့် သက်သေခံစာရွက်စာတမ်း အထောက်အထားများ ရောက်ရှိလာသည့်အချိန်တွင် အမှုတွဲတာဝန်ခံအရာရှိများအား ခွဲဝေတာဝန်ပေးအပ်စေလျက် အကြံပြုချက်များကို ရေးသားစေရမည်။

(င) အမှုတွဲတာဝန်ခံအရာရှိက ရေးသားတင်ပြလာသည့် အကြံပြုချက်နှင့်အမှုတွဲကို စိစစ်ပြီးနောက်မိမိ၏အကြံပြုချက်နှင့်အတူ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များထံ တင်ပြရမည်။

(စ) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များထံ တင်ပြပြီးသည့် အမှုများနှင့်စပ်လျဉ်း၍ ကြားနာစစ်ဆေးမည့်ရက်ချိန်းများကို လျာထားလျက် အတည်ပြုသတ်မှတ်ပေးနိုင်ရန် ဥက္ကဋ္ဌထံ တင်ပြရမည်။

(ဆ) ဥက္ကဋ္ဌက အတည်ပြုပါက ကြားနာစစ်ဆေးမည့်ရက်ကို လျှောက်ထားသူ၊ လျှောက်ထားခံရသူများသို့ဆင့်စာထုတ်ဆင့်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

(ဇ) ကြားနာစစ်ဆေးမှုများအား မှတ်တမ်းတင်ခြင်း၊ သက်သေအထောက်အထားများရယူခြင်း၊ ပြန်လည်ချိန်းဆိုခြင်း၊ မိတ္တူထုတ်ပေးခြင်းစသည်ဖြင့် လိုအပ်သော ရုံးလုပ်ငန်းများကို ညွှန်ကြားပေးရမည်။

(ဈ) ခုံအဖွဲ့ အထောက်အကူရစေရန် ယခင်ကြားနာစစ်ဆေးပြီးစီးသည့်၊ စီရင်ချက်အမိန့်ချမှတ်ခဲ့ပြီးသည့်အမှုများနှင့်သက်ဆိုင်သည့် အမှုမှတ်စုများ၊ အမှုတွဲများကို သက်ဆိုင်ရာအမှု၏ ခုံအဖွဲ့ထံ တင်ပြရမည်။

(ည) လက်ခံအမှုဖွင့်လှစ်သည်မှ စီရင်ချက်အမိန့်ချမှတ်ပြီးသည်အထိ နေ့စဉ် ဆောင်ရွက်ချက်များကိုမှတ်တမ်းတင်ရမည်၊ မှတ်တမ်းတင်ခြင်းအား ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးက လက်မှတ်ရေးထိုးရန် ဆောင်ရွက်ရမည်။

(ဋ) ပုံစံအသစ်များ သတ်မှတ်ရန် လိုအပ်ပါက ညွှန်ကြားရေးမှူးချုပ်သည် ခုံအဖွဲ့သို့ တင်ပြရမည်။

(ဌ) ကြားနာစစ်ဆေးမှုနှင့်သက်ဆိုင်သည့် ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်လိုအပ်သော ရုံးတွင်းအမိန့်/ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

**ဒုတိယညွှန်ကြားရေးမှူးချုပ်၏ တာဝန်များ**

၅။ ဒုတိယညွှန်ကြားရေးမှူးချုပ်သည်-

(က) ဥပဒေပုဒ်မ ၁၈ အရ ခုံအဖွဲ့က ထုတ်ပြန်သတ်မှတ်သောတာဝန်များကို ထမ်းဆောင်ရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်မရှိသည့်အချိန်တွင် ဥပဒေပုဒ်မ ၁၇ နှင့် နည်းဥပဒေ ၄ ပါ ညွှန်ကြားရေးမှူးချုပ်၏တာဝန်များကို ထမ်းဆောင်ရမည်။

(ဂ) ခုံအဖွဲ့နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။

**အမှုတွဲတာဝန်ခံအရာရှိ၏ တာဝန်များ**

၆။ အမှုတွဲတာဝန်ခံအရာရှိသည်-

(က) အကြံပြုချက်ရေးသားရန် တာဝန်ပေးအပ်ခြင်းခံရပါက လက်ခံရရှိသည့် အမှုတွဲပါ စာရွက်စာတမ်းများ၊ အထောက်အထားများ၊ စာမျက်နှာ အရေအတွက်များအား မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းမှတ်တမ်းတင်ထားရှိရမည်။

(ခ) အမှုတွဲအား လျှောက်ထားချက်၊ ချေလွှာနှင့် လိုအပ်သည့်သက်သေခံ စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံမှုရှိ မရှိ ထပ်မံစိစစ်ရမည်။

(ဂ) စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိရပါက ညွှန်ကြားရေးမှူးချုပ်ထံသို့ တင်ပြ၍ ခွင့်ပြုချက်ရရှိပါက လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများကိုတောင်းခံရယူပူးတွဲရမည်။

(ဃ) စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံပါက အကြံပြုချက် ရေးသားရမည်။

(င) အမှုတွဲအား အကြံပြုချက်ရေးသားရာတွင် မူလဥပဒေ၊ အခြားစပ်ဆိုင်သော ဥပဒေများနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ပြီး ညွှန်ကြားရေးမှူးချုပ်ထံ ပြည့်စုံစွာ ရေးသားတင်ပြရမည်။

(စ) အမှုများကို စီရင်ဆုံးဖြတ်ခြင်းပြုရာ၌ အထောက်အကူရစေရန် ကြားနာစစ်ဆေးပြီးစီးသည့် အမှုများနှင့် သက်ဆိုင်သည့် အမှုမှတ်စုများကို ညွှန်ကြားရေးမှူးချုပ်ထံသို့ တင်ပြရမည်။

(ဆ) စီရင်ချက် အမိန့်ချမှတ်ပြီးသော အမှုတွဲများအား ညွှန်ကြားရေးမှူးချုပ်ထံမှ ခွင့်ပြုချက်ရယူပြီး နောက် အမှုတွဲထိန်းထံသို့ စနစ်တကျ လွှဲပြောင်းပေးရမည်။

(ဇ) အမှုတွဲထိန်းထံသို့ အမှုတွဲအား လွှဲပြောင်းပေးရာတွင် အမှုတွဲတွင် ပါရှိသည့် စာရွက်အရေအတွက်အား ဖော်ပြ၍ လွှဲပြောင်းပြေစာဖြင့် လွှဲပြောင်းပေးရမည်။

(ဈ) ခုံအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူကဖြစ်စေ၊ ၎င်း၏ ကိုယ်စားလှယ်ကဖြစ်စေ၊ အကျိုးဆောင်ရှေ့နေကဖြစ်စေ အမှုတွဲကို ကြည့်ရှုသည့်အချိန်တွင် ကြည့်ရှုသူ၏အမည်နှင့် ကြည့်ရှု ကြာမြင့်ချိန်တို့ကို မှတ်ပုံတင်စာအုပ်တွင် ရေးမှတ်ရမည်။

**မှတ်ပုံတင်အရာရှိ၏ တာဝန်များ**

၇။ မှတ်ပုံတင်အရာရှိသည်-

(က) ဥပဒေပုဒ်မ ၁၈ အရ ခုံအဖွဲ့က ထုတ်ပြန်သတ်မှတ်သော တာဝန်များကို ထမ်းဆောင်ရမည်။

(ခ) လျှောက်ထားချက်တွင် စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံမှု ရှိ မရှိ စိစစ်ရမည်။

(ဂ) လျှောက်ထားချက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိရပါက လက်ခံခြင်းမပြုဘဲ ပြင်ဆင်ဖြည့်စွက် နိုင်ရန်အတွက် လျှောက်ထားချက်အား လျှောက်ထားသူထံသို့ ပြန်ပေးရမည်။

(ဃ) လျှောက်ထားချက်များ ပြည့်စုံမှုရှိကြောင်း တွေ့ရှိရပါက လက်ခံရရှိသည့်နေ့မှ ရုံးဖွင့်ရက် သုံးရက် အတွင်း ညွှန်ကြားရေးမှူးချုပ်ထံသို့ အဆင့်ဆင့်တင်ပြရမည်။ တင်ပြသည့်အချိန်တွင် လျှောက်ထား ချက်များမှာ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်း ရှိ မရှိကို တွက်ချက်တင်ပြရမည်။

(င) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံခွင့်ပြုသည့် လျှောက်ထားချက်များကိုသာ လက်ခံအမှုဖွင့်လှစ် ပေးရမည်။

(စ) မိတ္တူကူးယူရန် လျှောက်ထားလာသည့်ကိစ္စရပ်များကို တင်ပြခွင့်ပြုချက်ရယူပြီး ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးရမည်။

**အမှုတွဲထိန်း၏ တာဝန်များ**

၈။ အမှုတွဲထိန်းသည်-

(က) အမှုတွဲများကို သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ ထားရှိရမည်။

(ခ) အမှုတွဲထုတ်ပေးခြင်းများကို တာဝန်ရှိသူ၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။

(ဂ) အမှုတွဲလက်ခံရရှိခြင်း၊ ထုတ်ပေးခြင်းနှင့် ပြန်လည်လက်ခံရရှိခြင်းတို့ကို မှတ်ပုံတင်စာအုပ်ဖြင့် စနစ်တကျ မှတ်တမ်းတင်ထားရှိ ဆောင်ရွက်ရမည်။

(ဃ) လက်ခံသည့်အချိန်နှင့် ထုတ်ပေးသည့်အချိန်၌ အမှုတွဲတွင် မူလထုတ်ပေးသည့်စာမျက်နှာနံပါတ်များ မှန်ကန်မှု ရှိ မရှိ၊ စာရွက်စာတမ်းများ ပြည့်စုံမှု ရှိ မရှိ တို့ကို စစ်ဆေးရမည်။

## အခန်း (၄)
## ခုံအဖွဲ့သို့ အမှုတင်သွင်းခြင်း

၉။ အမှုတင်သွင်း လျှောက်ထားပါက လျှောက်ထားသူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ အကျိုးဆောင်ရှေ့နေဖြင့်ဖြစ်စေ အခွန်အယူခံခုံအဖွဲ့ရုံး မှတ်ပုံတင်အရာရှိထံသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားရမည်။

၁၀။ အမှုတင်သွင်း လျှောက်ထားပါက **သတ်မှတ်ပုံစံ (အခယ-၁၊ အခယ-၂၊ အခယ-၃)** နှင့်အညီ လိုအပ်သော အထောက်အထားများကို ပူးတွဲလျက် လျှောက်ထားရမည်။ လျှောက်ထားချက်တွင် ပူးတွဲပါရှိရမည့် လိုအပ်သော စာရွက်စာတမ်းအထောက်အထားများကို ခုံအဖွဲ့က အမိန့်ထုတ်ပြန် သတ်မှတ်နိုင်သည်။

## အခန်း (၅)
## အမှုတွဲတောင်းခံခြင်းနှင့် အမှုတွဲပြန်လည်ပေးပို့ခြင်း

၁၁။ ခုံအဖွဲ့သည် လက်ခံအမှုဖွင့်လှစ်ပြီးသော အမှုများနှင့်စပ်လျဥ်း၍ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများသို့ ချေလွှာ၊ မူရင်းအမှုတွဲနှင့် မိတ္တူအမှုတွဲများကို ပေးပို့ရန် ချေလွှာတောင်းခံရာတွင် လျှောက်ထားချက်တစ်စုံကို ပူးတွဲပေးပို့၍ တောင်းခံရမည်။

၁၂။ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများသည် တောင်းခံသည့်နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်း တောင်းခံသည့် ချေလွှာ၊ မူရင်းအမှုတွဲနှင့် မိတ္တူအမှုတွဲများကို ခုံအဖွဲ့သို့ ပေးပို့ရမည်။

၁၃။ ခုံအဖွဲ့သည် တောင်းခံထားသည့် မူရင်းအမှုတွဲကို အမှုအား စီရင်ချက်ချပြီး ခုနစ်ရက်အတွင်း သက်ဆိုင်ရာဌာန သို့မဟုတ် အဖွဲ့အစည်းသို့ ပြန်လည်ပေးပို့ရမည်။

## အခန်း (၆)
## အကြံပြုခြင်း

၁၄။ အမှုများတွင် နိုင်ငံတော်နှင့် အများပြည်သူအကျိုးကို ထိခိုက်နိုင်သော အချက်အလက်များ တွေ့ရှိရပါက ခုံအဖွဲ့ဥက္ကဋ္ဌသည် အစိုးရအဖွဲ့သို့ အကြံပြု တင်ပြနိုင်မည်။

## အခန်း (၇)
## ဆင့်စာအတည်ပြုခြင်း

### ကြိုတင်သတိပေး အမှုခေါ်စာရင်းပြုစုခြင်း

၁၅။ ခုံအဖွဲ့သို့ တင်သွင်းလျှောက်ထားလာသောအမှုများအား ကြားနာရန် အသင့်ဖြစ်သောအခါ ညွှန်ကြားရေးမှူးချုပ်သည် ကြိုတင်သတိပေး အမှုခေါ်စာရင်းပြုစုပြီး ဥက္ကဋ္ဌထံတင်ပြအတည်ပြုချက် ရယူရမည်။

၁၆။ တင်သွင်းလျှောက်ထားလာသောအမှုတွင် ကာလစည်းကမ်းသတ်ကျော်လွန်သော ကိစ္စပါရှိလျှင် ကြိုတင်သတိပေးအမှုခေါ်စာရင်းတွင် "ကာလစည်းကမ်းသတ် ကျော်လွန်သောကိစ္စပါဝင်သည်" ဟု မှတ်ချက်ပြု ဖော်ပြရမည်။

၁၇။ ခုံအဖွဲ့ ကြားနာစစ်ဆေးမည့် နေ့ရက်ကို ဥက္ကဋ္ဌက သတ်မှတ်ပေးရမည်။

### လိပ်စာတင်သွင်းခြင်း

၁၈။ လျှောက်ထားသူတစ်ဦးသည် ဤနည်းဥပဒေအရ ဆင့်စာချအပ်နိုင်ရန်အတွက် လိပ်စာဖော်ပြရန် တာဝန်ရှိသည်။

၁၉။ ကိုယ်စားလှယ်မှတစ်ဆင့် အမှုတင်သွင်းရာ၌ လျှောက်ထားချက်တွင် ကိုယ်စားလှယ်၏ လိပ်စာကို ဖော်ပြထားခြင်းမှာ ဆင့်ဆိုရန် လိပ်စာဖြစ်သည်ဟု မှတ်ယူရမည်။

### ဆင့်စာထုတ်ဆင့်ခြင်းနှင့်ချအပ်ခြင်း

၂၀။ ဤကိစ္စအလို့ငှာ ညွှန်ကြားရေးမှူးချုပ်ကဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်သည့် အရာထမ်းကဖြစ်စေ လက်မှတ်ရေးထိုး၍ ခုံအဖွဲ့ရုံးတံဆိပ်ခတ်နှိပ်ထားသည့် ဆင့်စာကိုလျှောက်ထားသူနှင့် လျှောက်ထားခံရသူထံသို့ လက်ရောက်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ချအပ်နိုင်သည်။

၂၁။ လျှောက်ထားသူ၊ လျှောက်ထားခံရသူတွင် ဆင့်စာကို လက်ခံခွင့်ရှိသော ကိုယ်စားလှယ်ရှိပါက ထိုကိုယ်စားလှယ်ထံ ဆင့်စာချအပ်နိုင်သည်။

၂၂။ လျှောက်ထားသူ၊ လျှောက်ထားခံရသူကို သက်ဆိုင်ရာနေရာ သို့မဟုတ် ဆင့်စာတွင် ဖော်ပြထားသည့် နေရာ၌ မတွေ့ရှိသည့်အပြင် လျှောက်ထားသူ၊ လျှောက်ထားခံရသူ၏ ကိုယ်စားလှယ်လည်းမရှိပါက အတူ နေထိုင်သည့် အရွယ်ရောက်ပြီးသူ မိသားစုဝင်တစ်ဦးဦးထံ ဆင့်စာချအပ်နိုင်သည်။

၂၃။ ခုံအဖွဲ့ဥက္ကဋ္ဌ၏ အတည်ပြုချက်အရ ထုတ်ပြန်သည့် ကြိုတင်သတိပေးအမှုခေါ်စာရင်းကို အမှုများ ကြားနာမည့် နေ့ရက်မတိုင်မီ ဥပဒေပုဒ်မ ၂၂ (က) အရ အနည်းဆုံး ခုနစ်ရက်ကြိုတင်၍ ခုံအဖွဲ့ရုံးရှိ ကြော်ငြာသင်ပုန်း၌လည်းကောင်း၊ ခုံအဖွဲ့ရုံး၏ ဝက်ဘ်ဆိုက်တွင်လည်းကောင်း ကြေညာပေးရမည်။ ထိုသို့ ကြေညာခြင်းသည် ဆင့်စာအတည်ဖြစ်သကဲ့သို့ မှတ်ယူရမည်။

၂၄။ ဆင့်စာကို အမှုသည်၏ ရှေ့နေထံချအပ်လျှင် အမှုသည်ကိုယ်တိုင်ထံ ချအပ်ပြီးဖြစ်သကဲ့သို့ မှတ်ယူ ရမည်။

**သက်သေစစ်မေးခြင်း**

၂၅။ ခုံအဖွဲ့သည် သက်သေအဖြစ် လာရောက်ထွက်ဆိုရန် သို့မဟုတ် စာတမ်းအမှတ်အသား သက်သေခံ ချက်များကို လာရောက်တင်ပြစေရန် မည်သူကိုမဆို ဆင့်စာချမှတ်၍ ဆင့်ခေါ်နိုင်သည်။

၂၆။ သက်သေအဖြစ် လာရောက်ထွက်ဆိုသည့်အခါ လိုအပ်သည့်စာရွက်စာတမ်း သက်သေခံအထောက် အထားများကို တစ်ပါတည်း ယူဆောင်လာရမည်။

၂၇။ သက်သေအဖြစ် ဆင့်ဆိုသည့်အခါ လာရောက်ရန် ပျက်ကွက်ပါက တစ်ဖက်သတ်ဆုံးဖြတ်နိုင်သည်။

## အခန်း (၈)
## ခုံအဖွဲ့ရှေ့မှောက်သို့ လာရောက်ရခြင်း

**ဆင့်စာတွင် သတ်မှတ်သည့်ရက်၌ ခုံအဖွဲ့ရှေ့မှောက်သို့ လာရောက်ရခြင်း**

၂၈။ ဆင့်စာတွင် သတ်မှတ်သည့်ရက်၌ အမှုသည်ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ် သို့မဟုတ် အကျိုးဆောင်ရှေ့နေက ခုံအဖွဲ့ရှေ့မှောက်သို့ လာရောက်ရမည်။

**မည်သည့်အမှုသည်မျှ မလာရောက်လျှင် အမှုကိုပလပ်ရခြင်း၊ ပြန်လည်လက်ခံနိုင်ခြင်း**

၂၉။ ကြားနာစစ်ဆေးရန်အတွက် အမှုခေါ်သောအခါ မည်သည့်အမှုသည်မျှ လာရောက်ခြင်းမရှိလျှင် ခုံအဖွဲ့သည် အမှုကိုပလပ်ကြောင်း အမိန့်ချမှတ်နိုင်သည်။ လျှောက်ထားသူက ၎င်းမလာရောက်ရခြင်းအတွက် လုံလောက်သောအကြောင်းပြချက် တင်ပြနိုင်လျှင် ခုံအဖွဲ့သည် ပလပ်သောအမိန့်ကို ပယ်ဖျက်ပေးနိုင်သည်။ ကာလစည်းကမ်းသတ်အတွင်း အမှုသစ် တစ်ဖန်စွဲဆိုလာပါက လက်ခံဆောင်ရွက်နိုင်သည်။

**လျှောက်ထားသူသာ လာရောက်သည့်အခါ ဆောင်ရွက်ရမည့်နည်းလမ်း**

၃၀။ ကြားနာစစ်ဆေးရန် ချိန်းဆိုသောရက်တွင် လျှောက်ထားသူသာ လာရောက်ပြီး လျှောက်ထားခံရသူ မလာရောက်ပါက-

(က) ဆင့်စာကို နည်းလမ်းတကျချအပ်ပြီးကြောင်း သက်သေထင်ရှားလျှင် ခုံအဖွဲ့သည်အမှုကို တစ်ဖက် သတ် စစ်ဆေးဆောင်ရွက်နိုင်သည်။

(ခ) ဆင့်စာကို နည်းလမ်းတကျချအပ်ပြီးကြောင်း သက်သေထင်ရှားခြင်းမရှိလျှင် ဆင့်စာကို လျှောက် ထားခံရသူထံ ထပ်မံချအပ်ရန် ခုံအဖွဲ့က ညွှန်ကြားရမည်။

**လျှောက်ထားသူ မလာရောက်သည့်အခါ ဆောင်ရွက်ရမည့်နည်းလမ်း**

၃၁။ ကြားနာစစ်ဆေးရန် ချိန်းဆိုသောရက်တွင် လျှောက်ထားခံရသူသာ လာရောက်ပြီးလျှောက်ထားသူ မလာရောက်ပါက ဆင့်စာကို လျှောက်ထားခံရသူထံ ထပ်မံချအပ်ရန် ခုံအဖွဲ့က ညွှန်ကြားရမည်။

၃၂။ လျှောက်ထားသူသည် အမှုကြားနာရန် ချိန်းဆိုသည့်နေ့တွင် လာရောက်ရန် ပျက်ကွက်လျှင် ခုံအဖွဲ့က အမှုအား ပလပ်နိုင်သည်။ ပလပ်ပြီးသည့်အခါ မူလလျှောက်ထားချက် အကြောင်းတစ်ရပ်တည်းနှင့်စပ်လျဉ်း၍

အမှုသစ်စွဲဆိုခွင့် မရှိစေရ။ ၎င်းမလာရောက်ရခြင်းအတွက် လုံလောက်သော အကြောင်းပြချက်တင်ပြနိုင်လျှင် ခုံအဖွဲ့သည် ပလပ်သောအမိန့်ကို ပယ်ဖျက်ပေးနိုင်သည်။

၃၃။ အမှုပလပ်သည့် အမိန့်ကိုပယ်ဖျက်ပေးရန် လျှောက်ထားကြောင်း လျှောက်ထားခံရသူအား အကြောင်းကြားစာ ချအပ်ခြင်းမပြုဘဲ ဤနည်းဥပဒေအရ အမိန့်ချမှတ်ခြင်း မပြုရ။

## အခန်း (၉)
## စီရင်ချက်အမိန့်ချမှတ်ခြင်း

၃၄။ စီရင်ချက်အမိန့် ချမှတ်မည့်နေ့ကို ခုံအဖွဲ့ရုံးစိုက်ရာနေရာရှိ ကြော်ငြာသင်ပုန်းနှင့် ခုံအဖွဲ့ရုံး ဝက်ဘ်ဆိုက်တွင် အနည်းဆုံးခုနစ်ရက် ကြိုတင်ကြေညာရမည်။

၃၅။ ကြားနာစစ်ဆေးသော ဥက္ကဋ္ဌ သို့မဟုတ် ခုံအဖွဲ့ခေါင်းဆောင် အပါအဝင် အဖွဲ့ဝင်များ၏ အတည်ပြု လက်မှတ်ရေးထိုးထားသော စီရင်ချက်အမိန့်များကို နှစ်ဖက်အမှုသည်များထံသို့ စာဖြင့်ပေးပို့ခြင်း၊ အများ ပြည်သူရှေ့မှောက်တွင် အမိန့်ချမှတ်ခြင်းနှင့် မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာနိုင်ရန်အတွက် ပေးပို့ခြင်းတို့ကို ဆောင်ရွက်ရမည်။

## အခန်း (၁၀)
## အမှုတွဲကြည့်ရှုခွင့်ပြုခြင်း

၃၆။ အမှုနှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်ကဖြစ်စေ၊ ၎င်း၏ကိုယ်စားလှယ်ကဖြစ်စေ၊ အကျိုးဆောင်ရှေ့နေက ဖြစ်စေ ဆုံးဖြတ်ပြီးအမှုမှ စာရွက်စာတမ်းများ၊ စီရင်ချက်၊ အမိန့်များကို ကြည့်ရှုလိုကြောင်း ခုံအဖွဲ့သို့ လျှောက် ထားလာလျှင် ခုံအဖွဲ့က အမှုတွဲကြည့်ရှုခွင့် ပြု မပြုအား လျှောက်လွှာပေါ်တွင် အမိန့်ချမှတ်ရမည်။

၃၇။ ခုံအဖွဲ့က အမှုတွဲကြည့်ရှုခွင့်ပြုလျှင် အမှုတွဲတာဝန်ခံအရာရှိ၏ရှေ့မှောက်တွင် အမှုနှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်ကဖြစ်စေ၊ ၎င်း၏ကိုယ်စားလှယ်ကဖြစ်စေ၊ အကျိုးဆောင်ရှေ့နေကဖြစ်စေ ကြည့်ရှုရမည်။ ကြည့်ရှု ကြောင်းကို မှတ်ပုံတင်စာအုပ်တွင် ကြည့်ရှုသူကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။

## အခန်း (၁၁)
## ကိုယ်စားလှယ်လွှဲအပ်ခြင်း

### ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ အကျိုးဆောင်ရှေ့နေဖြင့်ဖြစ်စေ ဆောင်ရွက်ခြင်း

၃၈။ အမှုသည်တစ်ဦးဦးသည် ခုံအဖွဲ့သို့ လာရောက်ရန် သို့မဟုတ် ခုံအဖွဲ့တွင် လျှောက်ထားရန် သို့မဟုတ် ဆောင်ရွက်ရန် ဥပဒေအရ လိုအပ်လျှင်သော်လည်းကောင်း၊ ခွင့်ပြုထားလျှင်သော်လည်းကောင်း တည်ဆဲ ဥပဒေတစ်ရပ်ရပ်တွင် အခြားနည်း အတိအလင်း ပြဋ္ဌာန်းထားသည်မှတစ်ပါး အမှုသည်ကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ကိုယ်စားလှယ်ကဖြစ်စေ၊ အကျိုးဆောင်ရှေ့နေကဖြစ်စေ ထိုသို့လာရောက်ခြင်း သို့မဟုတ် လျှောက်ထားခြင်း သို့မဟုတ် ဆောင်ရွက်ခြင်း ပြုနိုင်သည်။ သို့သော် ခုံအဖွဲ့က ကိုယ်တိုင်လာရောက်ရန် ဆင့်ဆိုလျှင် အမှုသည်ကိုယ်တိုင် လာရောက်ရမည်။

၃၉။ အခွင့်ရကိုယ်စားလှယ်အဖြစ် ခုံအဖွဲ့တွင် လိုက်ပါဆောင်ရွက်ရန်အတွက် အထူးကိုယ်စားလှယ်လွှဲစာကို ဖြစ်စေ၊ အထွေထွေကိုယ်စားလှယ်လွှဲစာကိုဖြစ်စေ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်၍လည်းကောင်း၊ နိုတြီပြုလုပ်၍လည်းကောင်း ဆောင်ရွက်ရမည်။

### ပြည်ပမှ ကိုယ်စားလှယ်လွှဲအပ်ခြင်း

၄၀။ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသော လျှောက်ထားသူ၊ လျှောက်ထားခံရသူက ကိုယ်စားလှယ်လွှဲစာ ဖြင့် နည်းလမ်းတကျလွှဲအပ်ခြင်း ခံရသူသည် ခုံအဖွဲ့တွင် အခွင့်ရကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့်ရှိသည်။

၄၁။ နိုတြီပဗ္ဗလစ်ရှေ့မှောက်တွင် ချုပ်ဆို၍ လက်မှတ်ရေးထိုးထားသော စာတမ်းအမှတ်အသားများကို မှန်ကန်သည်ဟု ခုံအဖွဲ့က မှတ်ယူနိုင်သည်။

**တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန် လျှောက်ထားခြင်း**

၄၂။ လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူ ကွယ်လွန်သော်လည်း အမှုမရပ်စဲဘဲ တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန် ကာလစည်းကမ်းသတ်အတွင်း လျှောက်ထားရမည်။ ထိုသို့မလျှောက်ထားပါက ကွယ်လွန်သူ အမှုသည်နှင့်စပ်လျဉ်း၍ အမှုရပ်စဲသွားမည်ဖြစ်သည်။

**ကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်းနှင့် ရပ်စဲခြင်း**

၄၃။ ကိုယ်စားလှယ်လွှဲအပ်သူက ကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းလျှင် သို့မဟုတ် ကိုယ်စားလှယ်က ကိုယ်စားလှယ်လုပ်ငန်းကို စွန့်လွှတ်လျှင် သို့မဟုတ် ကိုယ်စားလှယ် အလုပ်ပြီးဆုံးလျှင် ကိုယ်စားလှယ်၏ အခွင့်အာဏာပြီးဆုံးသည်။

**အခန်း (၁၂)**

**အမှုတွဲမိတ္တူကူးယူခြင်း**

**အမှုတွဲမိတ္တူရထိုက်ခြင်း**

၄၄။ လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူကဖြစ်စေ၊ ၎င်း၏ ကိုယ်စားလှယ်ကဖြစ်စေ၊ အကျိုးဆောင်ရှေ့နေကဖြစ်စေ အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် စီရင်ချက်အမိန့်တို့ကို မိတ္တူအဖြစ်ကူးယူခွင့်ပြုရန် တင်ပြလျှောက်ထားနိုင်သည်။ နိုင်ငံတော်လျှို့ဝှက်ချက်နှင့်စပ်လျဉ်း၍လည်းကောင်း၊ အများပြည်သူအကျိုးကို ထိခိုက်စေနိုင်လျှင်လည်းကောင်း မိတ္တူထုတ်ပေးရန် ငြင်းပယ်နိုင်သည်။

**မိတ္တူကူးလျှောက်ထားခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း**

၄၅။ မိတ္တူကူးလျှောက်ထားလိုသူသည် မိတ္တူကူးလျှောက်လွှာ **အခယ - ၅ ပုံစံ** တွင် ပြည့်စုံစွာရေးသားဖြည့်စွက်၍ ထိုလျှောက်လွှာပေါ်တွင် ရုံးခွန်အက်ဥပဒေအရ လျှောက်လွှာအတွက် သတ်မှတ်ထားသော ရုံးခွန်တံဆိပ်ခေါင်းကပ်ပြီး လျှောက်ထားသူကိုယ်တိုင်ကဖြစ်စေ၊ ၎င်း၏ကိုယ်စားလှယ်ကဖြစ်စေ၊ အကျိုးဆောင်ရှေ့နေကဖြစ်စေ လက်မှတ်ရေးထိုးကာ မှတ်ပုံတင်အရာရှိထံ တင်သွင်းရမည်။

၄၆။ တစ်ခုထက်ပိုသော အမှုများမှ စာရွက်စာတမ်းမိတ္တူများကို ရယူလိုလျှင် အမှုတစ်မှုစီအတွက် သီးခြားလျှောက်လွှာတစ်စောင်စီဖြင့် လျှောက်ထားရမည်။ တစ်မှုတည်းမှ တစ်ခုထက်ပိုသော စာရွက်စာတမ်းများ၏ မိတ္တူများကို ရယူလိုလျှင် လျှောက်လွှာတစ်စောင်တည်းဖြင့် လျှောက်ထားနိုင်သည်။

၄၇။ မှတ်ပုံတင်အရာရှိသည် မိတ္တူကူးလျှောက်လွှာကို လက်ခံရရှိသည့်ရက်မှာပင် အရေးယူဆောင်ရွက်ရမည်။ မွန်းလွဲသုံးနာရီ နောက်ပိုင်းရရှိသည့် လျှောက်လွှာများကို နောက်တစ်ရက် (နောက်တစ်ရက်မှာ ရုံးပိတ်ရက်ဖြစ်လျှင် ရုံးပြန်ဖွင့်သည့်ရက်) တွင် ဆောင်ရွက်နိုင်သည်။

၄၈။ မှတ်ပုံတင်အရာရှိသည် မိတ္တူကူးလျှောက်လွှာကို လက်ခံရရှိသည့်အခါ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။ ခွင့်ပြုချက်ရရှိသော စာရွက်စာတမ်းအထောက်အထားများကိုသာ မိတ္တူကူးယူထုတ်ပေးရမည်။

၄၉။ မိတ္တူကူးပေးနိုင်ခွင့်ရှိလျှင် မှတ်ပုံတင်အရာရှိသည် လျှောက်လွှာကိုမိတ္တူကူးလျှောက်လွှာများ မှတ်ပုံတင်စာအုပ်တွင် ချက်ချင်းရေးသွင်းရမည်။ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းသည့် အမှတ်စဉ်ကို လျှောက်လွှာပေါ်၌ရေးမှတ်၍ ပေးဆောင်ရမည့်မိတ္တူကူးခကိုလည်း နေ့ချင်းတွက်ချက်ပြီး မြန်မာ့စီးပွားရေးဘဏ် အခွန်အယူခံခုံအဖွဲ့ရုံး ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်းစေရမည်။

၅၀။ မိတ္တူကူးရမည့် အမှုတွဲရရှိသောအခါ မှတ်ပုံတင်အရာရှိသည် လျှောက်လွှာတွင် ရေးသွင်းဖော်ပြချက်များမှာ အမှုတွဲတွင်တွေ့ရှိရသည့်အတိုင်း မှန်ကန်မှု ရှိ မရှိ စိစစ်ကြည့်ရှုရမည်။ မှန်ကန်ကြောင်းတွေ့ရှိလျှင် မိတ္တူရေးကူးပေးခြင်းကို မိတ္တူကူးခပေးသွင်းပြီးကြောင်း အထောက်အထားရရှိသည့်နေ့မှ (၅) ရက်အတွင်း ဆောင်ရွက်ပေးရမည်။

၅၁။ ရိုးရိုးမိတ္တူကိုဖြစ်စေ၊ တာဝန်ခံမိတ္တူကိုဖြစ်စေ မထုတ်ပေးမီ မှတ်ပုံတင်အရာရှိကိုယ်တိုင် မူရင်းနှင့် တိုက်ဆိုင်စစ်ဆေး၍ မိတ္တူ၏အောက်ခြေ၌ “စစ်ဆေးပြီး မှန်ကန်ကြောင်း တာဝန်ယူသည်” ဟု ရေးသား၍

လက်မှတ်ရေးထိုးရမည်။ တာဝန်ခံမိတ္တူဖြစ်လျှင် "တာဝန်ခံမိတ္တူမှန်" ဟူ၍ ထပ်ဆင့်ရေးသားကာ မှတ်ပုံတင်အရာရှိက လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရာတွင် မှတ်ပုံတင်အရာရှိ၏ တံဆိပ်တုံးရိုက်နှိပ်ရမည့်အပြင် ရုံးတံဆိပ်ကိုလည်း ရိုက်နှိပ်ပေးရမည်။

၅၂။ မူရင်း သို့မဟုတ် မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးပြီးဖြစ်သည့် မိတ္တူမှကူးယူသော မိတ္တူကိုသာ ရိုးရိုးမိတ္တူအဖြစ်သော်လည်းကောင်း၊ တာဝန်ခံမိတ္တူအဖြစ်သော်လည်းကောင်း ထုတ်ပေးရမည်။

၅၃။ တာဝန်ခံမိတ္တူကို ထုတ်မပေးမီ ရုံးခွန်အက်ဥပဒေတွင် သတ်မှတ်ထားချက်များနှင့်အညီ လိုအပ်သောရုံးခွန်တံဆိပ်ခေါင်းကို မိတ္တူ၏ ပထမစာမျက်နှာထိပ်ပိုင်းတွင် ကပ်ရမည်။

၅၄။ ရိုးရိုးမိတ္တူရရှိထားသူက ဥပဒေနှင့်အညီ ရုံးခွန်တံဆိပ်ခေါင်းကို မှတ်ပုံတင်အရာရှိထံပေးသွင်း၍ ရိုးရိုးမိတ္တူကို တာဝန်ခံမိတ္တူအဖြစ်ပြောင်းပေးရန် လျှောက်ထားလာလျှင် မှတ်ပုံတင်အရာရှိက ရိုးရိုးမိတ္တူကို တာဝန်ခံမိတ္တူအဖြစ်သို့ ပြောင်းပေးနိုင်သည်။ ထိုအခါ မိတ္တူကူးလျှောက်လွှာများ မှတ်ပုံတင်စာအုပ်၏ မှတ်ချက်ဇယားကွက်၌ ထိုသို့ ပြောင်းပေးခဲ့ကြောင်း မှတ်သားထားရမည်။

၅၅။ ရိုးရိုးမိတ္တူနှင့် တာဝန်ခံမိတ္တူနှစ်မျိုးလုံးတွင် အောက်ပါအချက်အလက်များကို မိတ္တူ၏နောက်ဆုံးစာမျက်နှာရှိ လွတ်သောနေရာတွင်၊ အကယ်၍ လွတ်သောနေရာမရှိလျှင် သီးခြားစာရွက်တစ်ရွက်ဆက်၍ မိတ္တူကူးစာရေးကရေးမှတ်ပြီး မှတ်ပုံတင်အရာရှိက ပြည့်စုံစွာဖြည့်သွင်းလျက် လက်မှတ်ရေးထိုးရမည်-

(က) မိတ္တူကူးရန်လျှောက်ထားသည့်နေ့၊

(ခ) မိတ္တူကူးခငွေသွင်းရန် ချလန်ထုတ်ပေးသည့်နေ့၊

(ဂ) မိတ္တူကူးခ သင့်ငွေကျပ်၊

(ဃ) ငွေပေးသွင်းသည့်နေ့၊

(င) မိတ္တူအသင့်ဖြစ်သည့်နေ့၊

(စ) မိတ္တူထုတ်ပေးသည့်နေ့။

၅၆။ ကူးပြီးသောမိတ္တူကို ပေးရန်အသင့်ဖြစ်သောရက်မှ ရက်ပေါင်းခြောက်ဆယ်အတွင်း တောင်းခံခြင်းမရှိလျှင် ဖျက်ဆီးပစ်ရမည်။

၅၇။ မိတ္တူကူးခနှုန်းထားများကို ခေတ်ကာလနှင့်အညီ ခုံအဖွဲ့က အမိန့်ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

၅၈။ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးများက အများပြည်သူအကျိုးအတွက် အမှုတွဲပါစာရွက်စာတမ်းများ မိတ္တူတောင်းခံလာပါက အခမဲ့ထုတ်ပေးရမည်။

၅၉။ အခမဲ့ထုတ်ပေးသောမိတ္တူများကို မိတ္တူလျှောက်လွှာများ မှတ်ပုံတင်စာအုပ်တွင် မင်နီဖြင့် ရေးသွင်းရမည်။ ထိုရေးသွင်းချက်နှင့်ယှဉ်လျက် မှတ်ပုံတင်စာအုပ် မှတ်ချက် ဇယားကွက်၌ "အခမဲ့" ဟု ရေးမှတ်ထားရမည်။

၆၀။ မိတ္တူကူးခငွေများကို မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းပြီးကြောင်း အထောက်အထားများနှင့်တကွ မိတ္တူလျှောက်လွှာများ မှတ်ပုံတင်စာအုပ်၌ မှတ်ပုံတင်အရာရှိက ရေးသွင်းထားရမည်။

## အခန်း (၁၃)
## လွှဲအပ်မှုများဆောင်ရွက်ခြင်း

၆၁။ ခုံအဖွဲ့၏ စီရင်ချက်အမိန့်အပေါ် ကျေနပ်မှုမရှိ၍ လွှဲအပ်ပေးရန် လျှောက်ထားလာသဖြင့် စုံညီခုံအဖွဲ့က ကြားနာစိစစ်ပြီးနောက် ဥပဒေကြောင်းအရ ဖြေရှင်းရမည့်ကိစ္စဖြစ်၍ လွှဲအပ်ပေးရမည့်အမှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးရမည်။ ထို့အပြင် ခုံအဖွဲ့က လွှဲအပ်သင့်သည်ဟု ယူဆသည့်အမှုဖြစ်လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အမှုကို လွှဲပြောင်းပေးနိုင်သည်။

## အခန်း (၁၄)

## အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုနှင့် လွှဲအပ်မှုများအတွက် ကာလစည်းကမ်းသတ် သတ်မှတ်ခြင်း

၆၂။ အယူခံမှု လျှောက်ထားခြင်းကို သက်ဆိုင်ရာဌာနများ၏ မူလဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်းကိုးဆယ်အတွင်း ခုံအဖွဲ့ထံသို့ လျှောက်ထားရမည်။ လျှောက်ထားသူက လုံလောက်သော အကြောင်းပြချက်များ တင်ပြနိုင်ပါက ခုံအဖွဲ့သည် ရက်ပေါင်း တစ်ရာ့နှစ်ဆယ်ထက်မပိုသောကာလအထိ အယူခံရက်ကို တိုးမြှင့်ပေးနိုင်သည်။

၆၃။ ပြင်ဆင်မှုလျှောက်ထားခြင်းကို ခုံအဖွဲ့၏ စီရင်ချက်အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်းခြောက်ဆယ်အတွင်း ခုံအဖွဲ့ထံသို့ လျှောက်ထားရမည်။

၆၄။ ပြန်လည်သုံးသပ်မှု လျှောက်ထားခြင်းကို ခုံအဖွဲ့၏ စီရင်ချက်အမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်းကိုးဆယ်အတွင်း ခုံအဖွဲ့ထံသို့ လျှောက်ထားရမည်။

၆၅။ လွှဲအပ်မှုနှင့်စပ်လျဉ်း၍ လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူက ခုံအဖွဲ့၏စီရင်ချက်အမိန့်တွင် ဥပဒေကြောင်းအရ ဖြေရှင်းရမည့်ကိစ္စပေါ်ပေါက်သည်ဟု ယူဆပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးရန် စီရင်ချက်အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်းခြောက်ဆယ်အတွင်း ခုံအဖွဲ့ထံသို့ လျှောက်ထားရမည်။

## အခန်း (၁၅)

## အထွေထွေ

၆၆။ အမှုတွဲတွင် ပူးတွဲထားသော စာရွက်စာတမ်း အထောက်အထားများနှင့်စပ်လျဉ်း၍ ဘာသာရပ်ကျွမ်းကျင်သူ၏သဘောထားနှင့် အကြံဉာဏ်များကိုရယူရန် လိုအပ်သည်ဟု ယူဆပါက စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ခုံအဖွဲ့က ရယူနိုင်သည်။

၆၇။ ခုံအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ခုံအဖွဲ့ခေါင်းဆောင်သည်-

(က) ခုံအဖွဲ့ရှေ့မှောက်၌ အမှုကြားနာစဉ်အတွင်း ကိုယ်စားလှယ်အဖြစ် လိုက်ပါဆောင်ရွက်သူများ၏ အပြုအမူတစ်ခုခုသည် ခုံအဖွဲ့အား မထီမဲ့မြင်ပြုရာရောက်သည်ဟု ယူဆပါက အမှုကြားနာခြင်းကို ရပ်ဆိုင်း၍ အဆိုပါပုဂ္ဂိုလ်များ၏ အမှုလိုက်ပါဆောင်ရွက်ခွင့်ကို ရပ်စဲနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ အမှုလိုက်ပါဆောင်ရွက်ခွင့်ကို ရပ်စဲခံရသူ၏နေရာတွင် အခြားကိုယ်စားလှယ်တစ်ဦးဖြင့် အစားထိုး လိုက်ပါဆောင်ရွက်ရန် တင်ပြလာပါက ခွင့်ပြုနိုင်သည်။

၆၈။ ခုံအဖွဲ့ ကြားနာမှုများနှင့်စပ်လျဉ်း၍ မှတ်တမ်းတင်ထားရှိသည့် ဗီဒီယိုမှတ်တမ်းအား စီရင်ချက်အမိန့်ချမှတ်သည့်နေ့မှ တစ်နှစ်ပြည့်ပြီးပါက မှတ်တမ်းတင်ထားခြင်းအား ပယ်ဖျက်နိုင်သည်။

၆၉။ ဘဏ္ဍာနှစ်တစ်နှစ်အတွက် ခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးတို့၏ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များအား ခုံအဖွဲ့ရုံးက စိစစ်တွက်ချက်၍ ခုံအဖွဲ့ဥက္ကဋ္ဌထံ တင်ပြအတည်ပြုချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့ထံမှ ဘဏ္ဍာငွေခွဲဝေလျာထားရရှိနိုင်ရန် ဆောင်ရွက်ရမည်။

၇၀။ ခုံအဖွဲ့ရုံးမှ ဝန်ထမ်းများသည် အမှုနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်နှင့် စာတမ်းအမှတ်အသားများကို မသက်ဆိုင်သူများသို့ အသိပေးခြင်း၊ ပေးအပ်ခြင်းပြုပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်။

မင်းသူ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

အခယ-၁

**အခွန်အယူခံခုံအဖွဲ့ရုံးတော်**

**၂၀ ခုနှစ်၊ .................. အယူခံမှုအမှတ် (　　)**

အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်
လိပ်စာ　　　　............　　　　လျှောက်ထားသူ
ဖုန်းနံပါတ်

နှင့်

အမိန့်ထုတ်ပြန်သည့်
ဌာန၏အမည်နှင့်　　　　............　　　　လျှောက်ထားခံရသူ
တည်ရှိရာအရပ်

(အထက်ပါလိပ်စာသည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူ တို့အား ဆင့်ဆိုရန် လိပ်စာဖြစ်ပါသည်။ သို့မဟုတ် လိပ်စာကို သီးခြားလျှောက်လွှာစာတွဲဖြင့်လည်း တင်သွင်းနိုင်သည်။)

လျှောက်ထားသူ၏

---

အယူခံလွှာတင်ပြလျှောက်ထားခြင်း

---

အထက်ပါအမှုအား လျှောက်ထားသူ
ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်မှ
အောက်ပါအတိုင်းလျှောက်ထားအပ်ပါသည်။

အမှုအကြောင်းအရာအကျဉ်း

အမှုမှာ ----------------------------------------------------------------------------------
------------------------------------------------------------------------------------------။

ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းအပေါ် အယူခံအကြောင်းပြချက်များ

၁။ ကာလစည်းကမ်းသတ်ကျော်လွန်သည့်အမှုဖြစ်မှသာ တင်ပြရန် --------------------------------
------------------------------------------------------------------။

အယူခံအကြောင်းပြချက်များ

၁။ ---------------------------------------------------------------------------------------
----------------------------------------။

၂။ ---------------------------------------------------------------------------------------
----------------------------------------။

| (လက်မှတ်) | | (လက်မှတ်) |
|---|---|---|
| လျှောက်ထားသူ၏ရှေ့နေ၊ ကိုယ်စားလှယ်အမည် | (သို့မဟုတ်) | လျှောက်ထားသူအမည် |
| နိုင်ငံသားစိစစ်ရေးကတ်အမှတ် (သို့) ရှေ့နေဖြစ်ပါက | | နိုင်ငံသားစိစစ်ရေးကတ်အမှတ် |
| လိုင်စင်အမှတ်၊ လိပ်စာအပြည့်အစုံ | | လိပ်စာအပြည့်အစုံ |

အမှုတင်သည့်နေ့စွဲ။ --------------------------။

လျှောက်ထားချက်နှင့်ပူးတွဲတင်ပြသောစာရွက်စာတမ်းများစာရင်း

အခယ-၂

**အခွန်အယူခံခုံအဖွဲ့ရုံးတော်**

**၂၀ ခုနှစ်၊ .................. ပြန်လည်သုံးသပ်မှု/ပြင်ဆင်မှုအမှတ် ( )**

အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်
လိပ်စာ ........... လျှောက်ထားသူ
ဖုန်းနံပါတ်

နှင့်

အမိန့်
ထုတ်ပြန်သည့်ဌာန၏ ........... လျှောက်ထားခံရသူ
အမည်နှင့်တည်ရှိရာအရပ်
(အထက်ပါလိပ်စာသည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူ တို့အား ဆင့်ဆိုရန် လိပ်စာဖြစ်ပါသည်။ သို့မဟုတ် လိပ်စာကို သီးခြားလျှောက်လွှာစာတွဲဖြင့်လည်း တင်သွင်းနိုင်သည်။)

လျှောက်ထားသူ၏

---

ပြန်လည်သုံးသပ်/ပြင်ဆင်ပေးစေလိုမှုတင်ပြလျှောက်ထားခြင်း

---

အထက်ပါအမှုအား လျှောက်ထားသူ
ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်မှ
အောက်ပါအတိုင်း လျှောက်ထားအပ်ပါသည်။

အမှုအကြောင်းအရာအကျဉ်း

အမှုမှာ -------------------------------------------------------------------------
------------------------------------------------------------------------------------------။

ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းအပေါ် အယူခံအကြောင်းပြချက်များ

၁။ ကာလစည်းကမ်းသတ်ကျော်လွန်သည့်အမှုဖြစ်မှသာ တင်ပြရန် --------------------------------
--------------------------------------------------------------------------။

အကြောင်းပြချက်များ

၁။ ------------------------------------------------------------------------------------------။
၂။ ------------------------------------------------------------------------------------------။

(လက်မှတ်) (လက်မှတ်)
လျှောက်ထားသူ၏ရှေ့နေ၊ ကိုယ်စားလှယ်အမည် (သို့မဟုတ်) လျှောက်ထားသူအမည်
နိုင်ငံသားစိစစ်ရေးကတ်အမှတ် (သို့) ရှေ့နေဖြစ်ပါက နိုင်ငံသားစိစစ်ရေးကတ်အမှတ်
လိုင်စင်အမှတ်၊ လိပ်စာအပြည့်အစုံ လိပ်စာအပြည့်အစုံ

အမှုတင်သည့်နေ့စွဲ။ ---------------------------။
လျှောက်ထားချက်နှင့်ပူးတွဲတင်ပြသောစာရွက်စာတမ်းများစာရင်း

အခယ-၃

**အခွန်အယူခံခုံအဖွဲ့ရုံးတော်**

**၂၀ ခုနှစ်၊ .................. လွှဲအပ်မှုအမှတ် (  )**

အခွန်အယူခံခုံအဖွဲ့၏ စီရင်ချက်အမိန့်အမှတ် ------------------------------------------ ပါ ------- -------------------------------- အမှုအပေါ် လွှဲအပ်မှု လျှောက်ထားခြင်း

(လွှဲအပ်မှုလျှောက်ထားသူများ၏ အမည်ကို ရုံးတော်မှ ဖြည့်သွင်းရန်)

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| -------------------------------- | နှင့် | -------------------------------------- |
| ------------------------------ | | ------------------------------------- |

လွှဲအပ်မှုလျှောက်ထားသူ/လျှောက်ထားခံရသူနေထိုင်သည့် နေရပ်လိပ်စာ အပြည့်အစုံကို ဖော်ပြရန် ----------------------------------------------------------------------------------------------- ------------------------------------------။

လွှဲအပ်မှုအား အောက်ဖော်ပြပါ အကြောင်းအချက်များဖြင့် တင်သွင်းခြင်းဖြစ်ပါသည်-

၁။ အထက်ဖော်ပြပါအမှုအား အခွန်အယူခံခုံအဖွဲ့မှ စီရင်ချက်အမိန့်ချမှတ်သည့်နေ့ရက်အား ဖော်ပြရန်။

၂။ အခွန်အယူခံခုံအဖွဲ့၏ စီရင်ချက်အမိန့်အား မည်သည့်နေ့ရက်တွင် လက်ခံရရှိခဲ့ကြောင်း ဖော်ပြရန်။

၃။ လွှဲအပ်မှုလျှောက်လွှာနှင့်အတူ အမှုအတွက် လိုအပ်သောသက်သေခံ အထောက်အထား စာရွက်စာတမ်းများ၊ ခုံအဖွဲ့၏ စီရင်ချက်အမိန့်မှ ဥပဒေရေးရာ ပြဿနာပေါ်ပေါက်ကြောင်း တွေ့ရှိချက်များ၊ ဝန်ခံချက်များနှင့် အခြားသက်သေခံချက်များအား ဤလွှဲအပ်မှုလျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြအပ်ပါသည်။

၄။ အခွန်အယူခံခုံအဖွဲ့၏ စီရင်ချက်အမိန့်တွင် အောက်ဖော်ပြပါအတိုင်း ဥပဒေရေးရာ ပြဿနာများ ပေါ်ကြောင်း အကြောင်းပြချက်များကို စာပိုဒ်များခွဲ၍ ပူးတွဲတင်ပြအပ်ပါသည်။

၅။ သို့ပါ၍ အထက်ဖော်ပြပါ တင်ပြချက်များအရ လျှောက်ထားသူ၏ လွှဲအပ်မှုတင်ပြလျှောက်ထားချက်အား ရုံးတော်မှ ဖြေရှင်းလွှဲအပ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

၆။ အထက် တင်ပြပါအချက်များ မှန်ကန်ကြောင်း အောက်ပါအတိုင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုး တင်ပြအပ်ပါသည်။

| | | |
|---|---|---|
| (လက်မှတ်)<br>လျှောက်ထားသူ၏ရှေ့နေ၊ ကိုယ်စားလှယ်အမည်<br>နိုင်ငံသားစိစစ်ရေးကတ်အမှတ် (သို့) ရှေ့နေဖြစ်ပါက<br>လိုင်စင်အမှတ်၊ လိပ်စာအပြည့်အစုံ | (သို့မဟုတ်) | (လက်မှတ်)<br>လျှောက်ထားသူအမည်<br>နိုင်ငံသားစိစစ်ရေးကတ်အမှတ်<br>လိပ်စာအပြည့်အစုံ |

အမှုတင်သည့်နေ့စွဲ။ --------------------------။

လျှောက်ထားချက်နှင့်ပူးတွဲတင်ပြသောစာရွက်စာတမ်းများစာရင်း

အခယ-၄

## အမှုတွဲထိန်းထံမှ အမှုတွဲတောင်းခံစာ

၁။ အမှတ်စဉ် ---------------------------------------------------------------------------

၂။ တောင်းခံသောအမှုတွဲ-

(က) ခုံအဖွဲ့အမည် ------------------------------------------------------------------

(ခ) အမျိုးအစား၊ ခုနှစ်နှင့်အမှတ် ---------------------------------------------------

(ဂ) အမှုသည်တို့၏ အမည်များ --------------------------- နှင့် ----------------------

၃။ ဆုံးဖြတ်သည့်ရက်/နောက်ဆုံးစစ်ဆေးခဲ့သည့်ရက် -----------------------------------------

၄။ တောင်းခံသည့်အကြောင်း ---------------------------------------------------------------

၅။ ပေးပို့ရန် နောက်ဆုံးရက် ---------------------------------------------------------------

မှတ်ပုံတင်အရာရှိ

လက်မှတ် --------------

အမည် -----------------

ရာထူး ------------------

ရက်စွဲ၊ ------------ ခုနှစ်၊ --------------------- လ ------------------ရက်။

---

၁။ အမှတ်စဉ် ---------------------------------------------------------------------------

၂။ ပေးပို့သည့်အမှုတွဲ-

(က) ခုံအဖွဲ့အမည် ------------------------------------------------------------------

(ခ) အမှုအမျိုးအစား၊ ခုနှစ်နှင့်အမှတ် ------------------------------------------------

(ဂ) အမှုသည်တို့၏ အမည်များ --------------------------- နှင့် ----------------------

အထက်ပါအမှုတွဲကို ပေးပို့ပါသည်။

အောက်ပါအကြောင်းကြောင့် မပို့နိုင်သေးပါ။

အမှုတွဲထိန်း

လက်မှတ် --------------

အမည် -----------------

ရာထူး ------------------

ရက်စွဲ၊ ------------ ခုနှစ်၊ --------------------- လ ------------------ရက်။

အခယ-၅

# မိတ္တူလျှောက်လွှာ

၁။ လျှောက်ထားသူ၏အမည် ------------------------------------

၂။ မိတ္တူကူးလိုသောအမှုတွဲ-

(က) အမျိုးအစား၊ ခုနှစ်နှင့်အမှတ် ------------------------------------

(ခ) အမှုသည်တို့၏ အမည်များ ------------------------------------

၃။ မိတ္တူလျှောက်လွှာတင်သောရက် ------------------------------------

၄။ မိတ္တူရယူလိုသည့် စာရွက်စာတမ်းအမျိုးအမည် ------------------------------------

------------------------------------

------------------------------------

၅။ မိတ္တူကူးရန် မူရင်းစာ၏ စာမျက်နှာအရေအတွက် ------------------------------------

------------------------------------

------------------------------------

၆။ ရယူလိုသည့် မိတ္တူအမျိုးအစား ------------------------------------

၇။ တာဝန်ခံမိတ္တူအတွက် ရုံးခွန်တံဆိပ်ခေါင်း (လိုအပ်လျှင်) ------------------------------------

၈။ လျှောက်ထားသူသည် အမှုနှင့် မည်သို့သက်ဆိုင်သည် ------------------------------------

------------------------------------

------------------------------------

လျှောက်ထားသူ၏လက်မှတ် ------------------

မှတ်ပုံတင်အမှတ် ------------------

ရက်စွဲ၊ ----------------------။

---

------------- မှုအမှတ် (  /  ) ၏ ------------------ နှင့် ------------------

--------------- တို့အမှုတွင် ------------------------------------

ကို ရိုးရိုးမိတ္တူ/တာဝန်ခံ မိတ္တူကူးရန် ------------------------------------ က တင်သွင်းသည့်

လျှောက်လွှာကို ------------------------ ရက် -------------------- နာရီအချိန်တွင် လက်ခံရရှိပါသည်။

မှတ်ပုံတင်အရာရှိ

လက်မှတ် --------------

အမည် -----------------

ရက်စွဲ၊ ----------------------။

အခယ-၆

**<u>သက်သေထွက်ချက်</u>**

**အခွန်အယူခံခုံအဖွဲ့ရုံးတော်**

၂၀ ---------- ခုနှစ်၊ ---------------------------- မှုအမှတ် ---------

၂၀ ---------- ခုနှစ်၊ ---------------- လ၊ ------------ ရက်။

လျှောက်ထားသူ / လျှောက်ထားခံရသူ သက်သေအမှတ် ------------------------------------ ၏ ထွက်ဆိုချက်။

သက်သေအား ကတိသစ္စာပြုစေပြီး ထွက်ဆိုသည်မှာ-

အမည် ----------------------------------------------------------------------

အသက် ----------------------------------------------------------------------

မှတ်ပုံတင်အမှတ် -------------------------------------------------------------

လူမျိုး ----------------------------------------------------------------------

ကိုးကွယ်သည့်ဘာသာ ----------------------------------------------------------

နေရပ် -----------------------------------------------------------------------

အလုပ်အကိုင် ----------------------------------------------------------------

မိဘအမည် -------------------------------------------------------------------

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၁၉) သဘောတူညီချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး (ယဉ်ကျေးမှု) တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ ရာထူးနေရာများသို့ အောက်ဖော်ပြပါဝန်ထမ်းများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများ၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ မူလရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (က) | ဦးအောင်ဇော်ဝင်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်<br>စီမံခန့်ခွဲမှုဌာနခွဲ၊ ဝန်ကြီးရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်<br>စီမံခန့်ခွဲမှုဌာနခွဲ၊ ဝန်ကြီးရုံး |
| (ခ) | ဒေါ်ဇာဖြူနှင်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်<br>စီမံခန့်ခွဲမှုဌာနခွဲ၊ ဝန်ကြီးရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ<br>ဝန်ကြီးရုံး |

သူရဦးအောင်ကို

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၈/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

**ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၇,၀၄၀) ဧကရှိသော နယ်မြေကို “မိုးစစ်တိုးချဲ့ကြိုးပြင်ကာကွယ်တော” အဖြစ် ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၆ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ရွှေကူမြို့နယ် မိုးစစ်ကြိုးဝိုင်းအကွက်အမှတ် (၁၉) နှင့် ဗန်းမော်မြို့နယ် ပုံရှည်ကြိုးဝိုင်းအကွက်အမှတ် (၃) ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (N-၈၅၁၂၃၉) မှအစပြု၍ ပုံရှည်ကြိုးဝိုင်းအကွက်အမှတ် (၃၊ ၂၊ ၁) တို့၏ နယ်နိမိတ်များအတိုင်း အရှေ့တောင်ဘက်သို့ ၂ မိုင် ၄ ဖာလုံခန့်လာရာ ပုံရှည်ကြိုးဝိုင်း အကွက်အမှတ် (၁) ၏ နယ်နိမိတ်ပေါ်ရှိ ခန့်မှန်းမြေပုံညွှန်း (N-၈၈၆၂၂၄) အထိ၊

အရှေ့ဘက် ။ ထိုမှ အရှေ့တောင်ဘက်သို့ ၁ မိုင်ခန့်လာရာ သံတောင်ချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (N-၈၉၁၂၀၈) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁ မိုင် ၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-၈၈၆၁၈၀) အထိ၊ ထိုမှ တောင်ဘက်သို့ ၄.၅ ဖာလုံခန့်လာရာ ခနွဲ့ချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (N-၈၈၇၁၆၉) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၂ မိုင် ၃ ဖာလုံခန့်လာရာ လောင်ပေါင်းချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (N-၈၇၀၁၃၁) အထိ၊

တောင်ဘက် ။ ထိုမှ အနောက်မြောက်ဘက်သို့ လောင်ပေါင်းချောင်းအတိုင်း ၁ မိုင် ၆ ဖာလုံခန့် ဆန်တက်လာရာ ရွှေကူမြို့နယ် မိုးစစ်ကြိုးဝိုင်းအကွက်အမှတ် (၈) နှင့် (၉) ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (N-၈၄၄၁၄၉) အထိ၊

အနောက်ဘက် ။ ထိုမှ အရှေ့မြောက်ဘက်သို့ ရွှေကူမြို့နယ်နှင့် ဗန်းမော်မြို့နယ်တို့၏ မြို့နယ် နယ်နိမိတ်၊ မိုးစစ်ကြိုးဝိုင်းအကွက်အမှတ် (၉) ၏ နယ်နိမိတ်အတိုင်း ၂ မိုင် ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (N-၈၅၆၁၈၃) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မိုးစစ်ကြိုးဝိုင်းအကွက်အမှတ် (၉) ၏ နယ်နိမိတ်အတိုင်း ၁ မိုင် ၄ ဖာလုံခန့်လာရာ အကွက်အမှတ် (၁၈) နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (N-၈၃၉၂၀၁) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မိုးစစ်ကြိုးဝိုင်းအကွက်အမှတ် (၁၈၊ ၁၉) တို့၏ နယ်နိမိတ်များအတိုင်း ၂ မိုင် ၃ ဖာလုံခန့်လာရာ မူလစတင်သည့် မိုးစစ်ကြိုးဝိုင်း အကွက်အမှတ် (၁၉) နှင့် ပုံရှည်ကြိုးဝိုင်း အကွက်အမှတ် (၃) ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (N-၈၅၁၂၃၉) အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

၃။ **လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

